ဟင်္သာတမြို့

မိုးကောင်းပရိယတ္တိစာသင်တိုက်

ဦးစီးပဓာနနာယက

ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ

၏

# အန္တောသီမဋ္ဌဝိနိစ္ဆယစာတမ်း

(အသစ်ပြန်လည်ရေးသား)

၀၁

သာသနာ-၂၅၅၆ မြန်မာ-၁၃၇၄ ခရစ်-၂၀၁၂

# အကြောင်းပြ နိဒါန်း

မိမိသည် တစ်နေ့ မြို့လေးတစ်မြို့မှ ရဟန်းခံပွင့်၍ သွားရောက်ခဲ့၏။ ထိုရဟန်းခံ၌ မိမိ၏ မိတ်ဟောင်း, မိတ်သစ်ဆရာတော်များနှင့် တွေ့ရ၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရ၏။

ရဟန်းခံပွဲ မစမီ အချိန်စောသေး၍ သာသနာရေးနှင့်ပတ်သက်သော စကားများပြောကြရာမှ- သက်တော် (၈၀)- ကျော် ဆရာတော်ကြီးတစ်ပါးက သူနှင့် ရင်းနှီးသော ကျောင်းထိုင်ဘုန်းကြီးတစ်ပါးအား . . .

| | |
|---|---|
| ဆရာတော်ကြီး - | ဟော့. . မင်းတို့ရွာ၊ အောက်ကျောင်းကိစ္စ တရားပြီး- သွားပြီလား? |
| ဘုန်းကြီးလေး - | ပြီးသွားပါပြီဘုရား။ |
| ဆရာတော်ကြီး - | ဟို. . စာတော်တယ်ဆိုတဲ့ ကိုယ်တော်လေးနိုင်လား?။ |
| ဘုန်းကြီးလေး - | မနိုင်ပါဘူး၊ ရှုံးသွားပါတယ်။ သူ့ကို အန္တောသီမဠ-မဟုတ်လို့ဆိုပြီး မြို့နယ်သံဃ- ဝိနိစ္ဆယအဖွဲ့က အရှုံးပေးလိုက်တယ်၊ |
| နောက်တစ်ပါး - | ဟုတ်မှာပေါ့။ အန္တောသီမဠ-ဆိုတာ ဝါဆိုမှဖြစ်တာ၊ သူက အဲဒီကျောင်းမှာ လောလောဆယ် ဝါမှမဆို တာဘဲ။ |
| နောက်တစ်ပါး - | နေအုံးလေ. . အန္တောသီမဠ-ဆိုတာ ဆရာဘုန်းကြီး မသေမီရောက်နေလျှင် အန္တောသီမဠ၊ သေပြီးမှ ရောက်လာလျှင် ဗဟိသီမဠ-မဟုတ်လား။ |
| နောက်တစ်ပါး - | အင်း. . တပည့်တော်ကြားဖူးတာကတော့ အဲဒီကျောင်း သိမ်မှာ ရဟန်းဖြစ်မှ အန္တောသီမဠ၊ အခြားသိမ်မှာ ရဟန်းဖြစ်လာခဲ့လျှင် ဗဟိသီမဠ-လို့ ကြားဖူးတာဘဲ။ |

နောက်တစ်ပါး - ကိုယ်တော်တို့ပြောကြတာ မဟုတ်သေးဘူး။ ကျောင်းထဲ ရောက်နေလျှင် အန္တောသီမဌ၊ မရောက်သေးဘဲ အပြင်မှာနေခိုက် ဗဟိသီမဌ-ခေါ်မှ ကိုက်ညီတော့မပေါ့။

နောက်တစ်ပါး - အဲဒီလိုဆိုလျှင် တပည့်တော်ရဲ့ တပည့်လေးတွေ မန္တလေးသွား-စာသင်ခိုင်းထားတာ၊ သူတို့ပြန်မရောက်မီ တပည့်တော်သေသွားလျှင် ဒုက္ခပါဘဲ-ဟု ငြီးတွား ပြန်၏။

ဆရာတော်ကြီး - ဘယ့်နှယ့်လဲ. . မိုးကောင်းဘုန်းကြီး၊ အန္တောသီမဌ-ဆိုကာ အပြောလွယ်ပြီး လက်တွေ့ကျတော့ ဝါဒတွေ များလိုက်တာ၊ "တိမ်မရောင်နဲ့နက်၊ လွယ်မရောင်နဲ့ခက်"-ဆိုသလို ဖြစ်နေပြီ၊ မိုးကောင်းဘုန်းကြီးအနေနဲ့ အန္တောသီမဌ-အဆုံးအဖြတ်လေး တစ်အုပ်ရေးပေးပါဦး-ဟု မိမိဘက် လှည့်လာ၏။

တပည့်တစ်ပါး - မိမိ၏ တပည့် ကျောင်းထိုင်ဘုန်းကြီးတစ်ပါးကလဲ ဆရာတော်ကြီးစကားနောက်လိုက်ပြီး. . .

ဟုတ်ပါတယ်. . ဆရာတော်၊ တပည့်တော်တို့ကလည်း တောင်းပန်ပါတယ်။ တပည့်တော်တို့ အခု ဝိနည်းမိုရ် လုပ်နေတယ်။ အန္တောသီမဌ-ကို အတိအကျ မပြောနိုင်လို့ ကျောင်းအမှုတွေမှာ အခက်အခဲ တွေ့နေရတယ်။ တိတိကျကျ အန္တောသီမဌ-အဆုံးအဖြတ်ပေါ်လာလျှင် ကျောင်းတိုက်တွေမှာ အကျိုးများမယ်၊ဝိနည်းမိုရ် ဆရာတော် များအဖို့ အထူးသဖြင့် ကျေးဇူးများမှာ ဖြစ်ပါတယ်လို့ ဆရာတော်ကြီးစကားကို ထောက်ခံ နေပြန်၏။

မိုးကောင်းဘုန်းကြီး - မှန်ပါ့ဘုရား. . ။ တပည့်တော်အဖို့ ကျောင်းမှာ စာချရတဲ့တာဝန်, အုပ်ချုပ်ရတဲ့ တာဝန်တွေနဲ့ တပေါင်းလ ကျပြန်တော့လည်း မ ဟ န-တာဝန် သွားရောက် ထမ်းဆောင်ရဦးမှာဖြစ်လို့ အားလပ်တဲ့ အခါတော့ ရေးပါမည်ဘုရား-ဟု ဆရာတော်ကြီးအား ဝန်ခံကတိပြုပြီး နံနက်(၈)နာရီခွဲပြီ ဖြစ်လို့ မပြတ်သေးသော စကားကို ဖြတ်ပြီး ရဟန်းခံကိစ္စကို ဆောင်ရွက်ကြရပါတော့သည်။

အားလပ်ချိန်တွင် - ရေးဘို့ပြင်

၁၃၇၃-ခုနှစ်၊ နယုန်လဆန်း (၃)-ရက်၊ စနေနေ့ကား ရုံးပိတ်ရက်ဖြစ်၍ အားလပ်သောနေ့ဖြစ်ရကား မဟာန-စာကြည့်တိုက်ကို ဖွင့်ပြီး တိပိဋကဝိနိစ္ဆယ, ပကိဏ္ဏက ဝိနိစ္ဆယ, ဝိနယသမုဟ-စသော ကျမ်းများ၌ အန္တောသီမဌ-နှင့်ပတ်သက်သော ဝိနိစ္ဆယ တွေ့လိုတွေ့ငြားရှာကြည့်၏။ မတွေ့ရ။ ရွှေတိဂုံဘုရားဈေး သွား၍ ရှာပြန်လည်း မတွေ့ရ။ အကယ်၍ တွေ့လျှင် မူလရေးသည့် ပုဂ္ဂိုလ်အမည်ဖြင့် ထုတ်ဝေမည်-ဟူသော ရည်ရွယ်ချက်ဖြင့် ရှာခြင်း ဖြစ်ပါ၏။နောက်ဆုံးတော့ မ ဟ န-စာကြည့်တိုက်မှ မဟာဝဂ္ဂ,စူဠဝဂ္ဂ-ပါဠိ အဋ္ဌကထာ နှင့် ဆိုင်ရာဋီကာများကို ထုတ်ယူပြီး နယုန်လဆန်း (၄)-ရက်၊ တနင်္ဂနွေနေ့မှ စတင်၍ (ရုံးတက်ချိန်မှတပါး) ရသမျှအချိန်များ၌ ဒိစိတ်တစ်စိတ်ထဲထားပြီး ရှာဖွေ စုဆောင်းရေးသားခဲ့ရာ နယုန်လဆန်း (၁၀)ရက် နေ့တွင် ပြီးမြောက်ခဲ့ပါသည်။

*  ဉာဏထက်ချွန် ပညာဝန်-တို့။
ယုတ်လွန် ထောက်ချင့်
ဉာဏ်ဖြင့် ဆင့်၍
မသင့်လည်း ပြင်
သင့်လည်း ဆင်လော့ . . .။

အရှင်သုမေ္မာစာရာဘိဝံသ

# နောက်ဆက်တွဲ အကြောင်းပြန်ကြားခြင်း

"အန္တောသီမဋ္ဌ ဝိနိစ္ဆယစာတမ်း" ကို ကမ္ဘာအေး မဟာနာယကကျောင်းဆောင်ကြီး၌ မဟာနာယကတာဝန် ထမ်းဆောင်နေစဉ် ၁၃၇၃-ခုနှစ် နယုန်လဆန်း ၄-ရက်နေ့မှ စတင် ရေးသားခဲ့ရာ ၄င်းနှစ် နယုန်လဆန်း ၁၀-ရက်နေ့တွင် မူကြမ်းအဖြစ် ပြီးစီး၏။

ယင်းမူကြမ်းကို အကြောင်းပြု၍ ဝါဒအမျိုးမျိုး ပေါ်လာ၏။ အချို့က ဝါဆိုမှ အန္တောသီမဋ္ဌ၊ အချို့ကလည်း ဆရာဘုန်းကြီး မသေမီ ရောက်ရှိနေမှ အန္တောသီမဋ္ဌ-စသည်ဖြင့် ဝါဒတစ်ခုပြီးတစ်ခု ပေါ်ထွက်လာရာ ထိုပေါ်ထွက်လာသော ဝါဒများကို ဖြေရှင်းသည့်အနေဖြင့် မူကြမ်းကိုပင် သုံးကြိမ်တိတိ ပြန်လည်ရေးသားရိုက်နှိပ်ခဲ့ရပါ၏။

အကြိမ်ကြိမ်ရိုက်နှိပ်ခဲ့ရသော်လည်း အဓိကဖြစ်သော အန္တောသီမဋ္ဌ-အင်္ဂါ ဗဟိသီမဋ္ဌ-အင်္ဂါများကိုကား လုံး၀ ပြောင်းလဲခြင်း, ပြင်ဆင်ခြင်း မရှိပါ။ မိမိရေးသားသော မူကြမ်းကိုလည်း မူကြမ်းဟု အမည်မတပ်ခဲ့ပါ။ အကြောင်းမှာ-မိမိရေးသားသော စာမူကို သေချာပေါက် မှန်ကန်၏-ဟု ယူဆသောကြောင့် ဖြစ်ပါ၏။

ထိုသို့ ယူဆရခြင်း၏ အကြောင်းမှာလည်း- မိမိ နိုင်ငံတော်ဝိနည်းဓိုရ် ထမ်းဆောင်ခဲ့စဉ်က နမူနာအဖြစ် လာပေးသောဝိနိစ္ဆယတစ်မူတွင် ထိုအန္တောသီမဋ္ဌနှင့်ပတ်သက်သော(နှစ်မျက်နှာလောက်ရှိ) မူ-တစ်ခုကို တွေ့ရ၍ ကူးယူထားလိုက်၏။ မည်သည့်အကြိမ် မည်သည့်အဖွဲ့မှ မည်သည့်ဆရာတော်များ ရေးသည်ဟုကား မမှတ်သားမိခဲ့ပါ။

ထိုမူ-သည် အလွန်ကျဉ်းသော်လည်း အဓိကဖြစ်သော အန္တောသီမဋ္ဌ အင်္ဂါ, ဗဟိသီမဋ္ဌ-အင်္ဂါများ ပါလာသဖြင့် ပါဠိ,အဋ္ဌကထာ,ဋီကာများနှင့် တိုက်ဆိုင်ကြည့်သောအခါ ကိုက်ညီနေရကား မိမိကိုယ်တိုင်သဘောကျ လက်ခံပြီး အခြားဝိနည်းဓိုရ်ဆရာတော်များကိုပင် အကြိမ်ကြိမ် သင်ပေးခဲ့ဘူးပါ၏။ ယခု သခင်ပ

ကဏ္ဍ၌ ရေးသားထားသော အင်္ဂါများပင် ဖြစ်ပါသည်။

ထိုအင်္ဂါများကိုပင် အာစရိယဝါဒအဖြစ် မူတည်ပြီး အကိုးသာဓက-တို့ဖြင့် ရေးသား၍ ၁၃၇၃-ခုနှစ် သီတင်းကျွတ်လဆုပ် ၁၃-ရက် နေ့စွဲဖြင့် စတုတ္ထအကြိမ် အဖြစ် ထွက်လာသောအခါ အန္တောသီမဠအင်္ဂါ နှစ်ချက်တွင် ဤ၌နေတော့အံ့-ဟူသောဆုံးဖြတ်ချက် ဒုတိယအင်္ဂါနှင့် ပတ်သက်၍ သဘောမကျသော ဆရာတော်များ၏ ဝေဘန်ချက် ထွက်လာခဲ့ပါ၏။

ထိုဝေဘန်ချက် ထွက်လာသောအခါ ဝေဘန်သောပုဂ္ဂိုလ်များကိုလည်း အပြစ်မမြင်သင့်-ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ အကြောင်းမှာ အန္တောသီမဠနှင့် ပတ်သက်၍ အပြည့်အစုံ ရေးခဲ့သော အဆုံးအဖြတ်ကျမ်း-ဟူ၍ မရှိခဲ့ဘူးခြင်း, ပါဠိ အဋ္ဌကထာ ဋီကာ-တို့၌လည်း တစ်နေရာတည်းဖြင့် အပြည့်အစုံ မရနိုင်ခြင်း-တို့ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် မိမိ၏ လေ့လာချက်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။ ယောနိသောမနသိကာရ ရှေ့ထား၍ ရှုစားတော်မူကြပါရန်-

(က) န ဘိက္ခဝေ နိဿီမေ ဌိတဿ သေနာသနံ ဂါဟေတဗ္ဗံ၊
ယော ဂါဟေယျ အာပတ္တိ ဒုက္ကဋဿ။
(စူဠဝဂ္ဂပါဠိ သေနာသနက္ခန္ဓက ဒုတိယဘာဏဝါရ-၃၁၈)

(ခ) အန္တောဉပစာရသီမာယ ပန ဒူရေ ဌိတဿာပိ၊ (ဂါဟေတုံ) လဗ္ဘတိယေဝ။ (စူဠဝဂ္ဂဋ္ဌကထာ-၆၅)

(ဂ) န ဘိက္ခဝေ ဧကေန ဒွေ ပဋိဗာဟေတဗ္ဗာ၊ ယော ပဋိဗာဟေယျ အာပတ္တိ ဒုက္ကဋဿ။
(စူဠဝဂ္ဂပါဠိ သေနာသနက္ခန္ဓက တတိယဘာဏဝါရ-၃၁၉)

(ဃ) သဗ္ဗတ္ထ ပန္တိမေ ဂဟဏေ ဝါ အာလယေ ဝါ တိဋ္ဌတိ။
(စူဠဝဂ္ဂဋ္ဌကထာ-၇၅)

အဓိပ္ပါယ်-

(က) ဥပစာရသိမ် အပြင်ဘက်၌နေသော ရဟန်းသည် ဥပစာရသိမ် အတွင်းမှာရှိသော သံဃိကကျောင်း အိပ်ရာနေရာကို ယူခွင့်မရှိ။

(ခ) ဥပစာရသိမ်အတွင်း ရောက်နေလျှင်ကား ယူခွင့်ရှိ၏။
(ဂ) ရဟန်းတစ်ပါးတည်းက သံဃိကနှစ်ကျောင်း၌ မတားမြစ်ရ။ (အာဝါသိက မပြုလုပ်ရ)
(ဃ) ရဟန်းတစ်ပါးတည်းက သံဃိက နှစ်ကျောင်း,သုံးကျောင်းတို့၌ အာဝါသိက-ပြုလုပ်ခဲ့လျှင် နောက်ဆုံးကျောင်း၌ ပြုလုပ်သော အာဝါသိက(ဂဟဏ,အာလယ)သာ တရားဝင်အဖြစ် တည်၏။

ဤသိက္ခာပုဒ်များသည် သေနာသနက္ခန္ဓက-၌လာသည့် ကျောင်းအိပ်ရာ နေရာခံယူခြင်း၌ လိုက်နာရမည့် သိက္ခာပုဒ်များပင် ဖြစ်ပါသည်။ မလိုက်နာလို့ မဖြစ်ပါ။ သို့ရာတွင် အချို့သော ဆရာတော်များကား ( က, ခ )-ပါဠိတော်နှင့် အဋ္ဌကထာကိုသာကြည့်ပြီး အာဂန္တုက, အာဝါသိက-မခွဲခြားတော့ဘဲ ကျောင်းထဲ ရောက်လာသမျှ အကုန် အန္တောသီမဋ္ဌ-ဖြစ်ကြ၏-ဟု ဆုံးဖြတ်လိုက်သောအခါ ကျောင်းထိုင်နှင့် ပတ်သက်၍ ဝိနိစ္ဆယ-ချသော ဝိနည်းမိုရ်ဆရာတော်ကြီးများအဘို့ အခက်အခဲနှင့် ကြုံတွေ့ရတော့၏။

<u>**မိမိ၏ အယူအဆကား**</u> (က,ခ)-ပါဠိ အဋ္ဌကထာ-တို့အရ <u>ကျောင်းဝင်းထဲ ရောက်နေခြင်း၊</u> (ဂ,ဃ)-ပါဠိ အဋ္ဌကထာ-တို့အရ <u>ဤ၌နေတော့အံ့</u>-ဟု ဆုံးဖြတ်ခြင်း၊ ပေါင်း အင်္ဂါနှစ်ပါးနှင့်ညီမှ အန္တောသီမဋ္ဌ-ဖြစ်၏-ဟု ယူဆလို၏။ သို့မှ သိက္ခာပုဒ်နှစ်ခုလုံးနှင့် သက်ဆိုင်သွားမည်ဖြစ်၏။ (အကျယ်ကို ဝိတ္ထာရကဏ္ဍ၌ ကြည့်ပါ)

ဤသို့ အန္တောသီမဋ္ဌကို အင်္ဂါနှစ်ပါးဖြင့် ရေတွက်လျှင် ကျောင်းဝင်းအတွင်း ရောက်နေတိုင်း အန္တောသီမဋ္ဌ-မဖြစ်နိုင်ဘဲ ကျောင်းဝင်းအတွင်းမှာ အမြဲနေထိုင်ကြသော အာဝါသိကပုဂ္ဂိုလ်များသာ အန္တောသီမဋ္ဌ-ဖြစ်နိုင်ကြသဖြင့် ဝိနည်းမိုရ် ဆရာတော်ကြီးများ ကျောင်းထိုင်အမှုနှင့်ပတ်သက်၍ ဝိနိစ္ဆယ-ချရာ၌ လွယ်ကူမည် ဖြစ်ပါသည်။

တဖန် သာသနာတော်နှင့်ပတ်သက်၍ ဗုဒ္ဓလက်ထက်တော်နှင့် အဋ္ဌကထာ ဋီကာဆရာတို့လက်ထက် မတူသည်ကိုလည်း သတိပြုသင့်သည် ထင်ပါ၏။ ဗုဒ္ဓ လက်ထက်တော်အခါက ထိုထိုနေရာမှာ စတုဒိသာ သံဃိကကျောင်းလေးတွေ

ဆောက်လုပ်လှူဒါန်းကြ၏။ ရာဇဗြိုဟ်မှာပင် ရာဇဗြိုဟ်သူဌေးက ကျောင်းပေါင်းခြောက်ဆယ် (၆၀)ဆောက်လုပ် လှူဒါန်းခဲ့၏။ သာဝတ္ထိမှာလည်း နည်းတူပင်။

ရည်ရွယ်ချက်ကတော့ သီတင်းဝါလကျွတ်တဲ့အခါ ဘုရားဖူးကြွလာကြသော သံဃာတော်များ၊ ခရီးလှည့်လည်သော သံဃာတော်များ ချမ်းသာစွာ သီတင်းသုံးနေထိုင်နိုင်ကြရန် ဖြစ်၏။ ထိုကျောင်းများကို အမြဲနေ အာဝါသိကများက ထိမ်းသိမ်းစောင့်ရှောက်ထားကြပြီး ရောက်လာသော အာဂန္တုများကိုကား အာဝါသိကပုဂ္ဂိုလ်များက အာဝါသိကဝတ္တကထာမှာ လာသည့်အတိုင်း နေရာထိုင်ခင်းနှင့် အိပ်ရာစသည်တို့ကို စီစဉ်ပေးရ၏။

အကယ်၍ ရောက်လာသော အာဂန္တုများထဲ၌ ထေရ်ကြီးဝါကြီးများပါလာလျှင် ငယ်သော အာဝါသိကများက မိမိတို့ နေထိုင်သော နေရာကိုပင် ဖယ်ပေးပြီး ထေရ်ကြီးဝါကြီးများကို ထားရ, နေရာပေးရ၏။(အကျယ်ကို အဋ္ဌကထာ၌ကြည့်ပါ) ထိုခေတ် ထိုအခါက စတုဒိသာ သံဃိကဖြစ်သည့်အားလျော်စွာ ကျောင်းများကိုလည်း အများဆိုင်သဘောမျိုး ကျင့်သုံးခဲ့ကြခြင်း ဖြစ်၏။

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အဋ္ဌကထာ ဋီကာဆရာတော်တို့ခေတ်မှာတော့ စတုဒိသာသံဃိကကျောင်းများကို ဆောက်ကြပေမယ့် များသောအားဖြင့် ကျောင်းထိုင်ဘုန်းကြီးကို အကြောင်းပြုပြီး ဆောက်ကြတာဖြစ်လို့ ကျောင်းထိုင်ဘုန်းကြီးကဘဲ ဣဿရိယအဖြစ်ဖြင့် အုပ်ချုပ်နေတာ များပါတယ်။ သေနာသနဂ္ဂါဟ သမ္မုတိ-ဆိုတာလဲ မရှိတော့ပါဘူး။

ကျောင်းထိုင်ဘုန်းကြီး ပျံလွန်တော်မူလို့ ကျောင်းထိုင်အသစ်တင်လျှင်လည်း ကျောင်းအတွင်း လက်ကျန်သံဃာရှိနေပါက ကျောင်းတွင်းရှိ အာဝါသိက သံဃာတော်များကဘဲ အပလောကနကမ်ဖြင့် အချင်းချင်းပန်ကြားပြီး တင်မြှောက်လိုက်ကြတာပါပဲ။ စတုဒိသာ သံဃိကကျောင်းဆိုပြီး ဟိုက ဒီက လာရောက်တည်းခိုတဲ့ အာဂန္တုရဟန်းဆိုတာလဲ အလွန်နည်းပါးပါတယ်။

ကျောင်းထိုင်ဘုန်းကြီးကလဲ သူ့ပရိသတ်နဲ့သူ လျှောက်ပတ်ရုံ အိုးတန်ဆန်ခတ် သဘောမျိုးဖြင့် ကျောင်းကို ဆောက်ကြတာဘဲ များပါတယ်။

ဤစကားနှင့်စပ်၍ ဝိနယဂဏ္ဌိဒီပနီ ဝိနိစ္ဆယတ္ထကျမ်းကြီး၌လာသော ညောင်လွန့်တောရ ဆရာတော်ကြီးများ၏ အောက်ပါမိန့်ခွန်းတော်ကိုလည်း ဖတ်ကြည့်သင့်ပါသည်။

* ဤသို့ လာတိုင်းလာတိုင်း ရဟန်းတို့ကို နေရာပေးရလျှင် ယခုကာလ၌ ရဟန်းလာတိုင်း လက်ခံ၍ နေရာကိုမပေးရာ၌ မခက်လော-ဟူငြားအံ့၊ မခက်။ အဘယ့်ကြောင့် မခက်လေသနည်း-ဟူမူ မြတ်စွာဘုရား၏ လက်ထက်တော်၌ မြတ်စွာဘုရားကို အကြောင်းပြု၍ အရပ်ရပ်မှ ရဟန်းတို့ လာရောက်ကြကုန်သည်။

မြတ်စွာဘုရားကိုယ်တော်မြတ်ကလည်း အမှီမခံနိုင်သည် မရှိ၊ မိမိတို့တာဝန်ကို မိမိတို့ ရွက်ဆောင်ကြကုန်သည်ဖြစ်၍ မိမိတို့ အာဟာရကိုလည်းကောင်း၊ အဝတ် သင်္ကန်းကိုလည်းကောင်း၊ ရှာကြံ၍ သုံးဆောင်ပြီးလျှင် မြတ်စွာဘုရားကို မှီ၍ နေကြကုန်ရကား လာလာသမျှကို ကျောင်းနေရာချ၍ချ၍ချည်း ပေးရကုန်သည်။

ယခုကာလ၌ကား ဆရာတစ်ဦးကို အမှီပြု၍ နေရန်သာ လာကြကုန်သည်။ ဆရာပြုလုပ်သူကလည်း လာတိုင်းလာတိုင်းသော ရဟန်းသံဃာတို့ကို လက်ခံ၍ မချီးမြှောက်နိုင်၊ သင့်ရုံသာ ချီးမြှောက်နိုင်သည်၊ မချီးမြှောက် မထောက်ပံ့နိုင်သောကြောင့် ပြန်ရလေကုန်သည်။ သို့ဖြစ်၍ မခက်ဟူပေ။

ဤစကားများကို ထောက်က ဘုရားရှင်လက်ထက်တော်က သံဃိကကျောင်းများကို အာဝါသိက ရဟန်းတော်များက ထိမ်းသိမ်းစောင့်ရှောက်ရပြီး ဆောင်းဥတု, နွေဥတု-တို့၌ အာဂန္တုများရောက်လာပါက (ကျောင်းဆောင်လည်းရှိပါက) လက်မခံလို့ မဖြစ်၊ လက်ခံရသည်သာဖြစ်၏။ ယခုခေတ်၌ကား ကျောင်းထိုင်ဘုန်းကြီးသာ ပဓာနဖြစ်၍ သူလက်ခံချင်မှ ဖြစ်၏။ လက်မခံချင်လည်း ဖြစ်၏။

ဤသည်ကို ရည်ရွယ်၍ အချို့သော ပညာရှင်များက အန္တောသီမဌ-ဖြစ်ဘို့ရာ ကျောင်းထိုင်ဘုန်းကြီး၏ ကျေနပ်မှု ခွင့်ပြုမှုကိုပါ ထည့်၍ အင်္ဂါသုံးချက်ဖြစ်သင့်၏-ဟု ဆိုလိုတော်မူကြ၏။ သို့ရာတွင် ထိုအင်္ဂါအတွက် ထောက်ထားစရာ ပါဠိအဋ္ဌကထာဋီကာ-ကို ရှာမရခြင်း၊ ကျောင်းထိုင်မရှိလို့ ကျောင်းထိုင် အသစ်တင်ရာတွင် ခွင့်ပြု

ရမည့် ကျောင်းထိုင်ကို မရှိသေးခြင်းတို့ကြောင့် ထိုအင်္ဂါကို လျစ်လျူရှုလိုက်ရပါသည်။

ဤဝိနိစ္ဆယစာတမ်း၌ ဤ၌နေတော့အံ့-ဟုဆုံးဖြတ်နိုင်မှ အာဝါသိက-ဖြစ်ကြောင်း၊ အာဝါသိက-ဖြစ်မှ အန္တောသီမဋ္ဌ-ဖြစ်နိုင်ကြောင်း-တို့ကို ပေါ်လွင်အောင် သဘာဝယုတ္တိ, အာဂမယုတ္တိ-တို့ဖြင့် ရေးသားမည်ဖြစ်ပါသည်။

ထိုသို့ ရေးသားရခြင်းမှလည်း ဝေဘန်သော ဆရာတော်များ၏ ဝေဘန်ချက်ကြောင့်လည်းကောင်း၊ အသစ်ထပ်ရေးပေးပါရန် တောင်းပန်သော ဆရာတော်များ၏ တောင်းပန်ချက်ကြောင့်လည်းကောင်း ရေးသားရခြင်းဖြစ်၍

၁။ ဝေဘန်သောဆရာတော်များ၊

၂။ တောင်းပန်သောဆရာတော်များ-အား

ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဘဒ္ဒန္တ သုမင်္ဂလာစာရာဘိဝံသ
၁၃၇၄-ခုနှစ်၊ နယုန်လဆန်း (၁၅)-ရက်

# ပဏာမ နှင့် ပဋိညာဉ်

ဝန္ဒာရဟံ မဟာညာဏံ
ဗုဒ္ဓံ ဓမ္မံ နိရင်္ဂဏံ
ဇိနောရသံ ပုညက္ခေတ္တံ
ဝန္ဒာမျာဟံ ဂုရုမ္ပိမေ

ဒုဗ္ဗိဇာန မိဒံဌာနံ
အန္တောသီမဋ္ဌ နိစ္ဆယံ
ပါဠျာဒယော သုနိဿာယ
ကရိဿာမိ ယထာဗလံ

# အန္တောသီမဋ္ဌ ဝိနိစ္ဆယ

## (သခေ်ပကထာ)

တစ်ခုသော ဝါဆိုမည့်နေ့၌ ရဟန်းတို့သည် ဥပစာရသိမ်၏ပြင်ပ၌ တည်နေသော (ဗဟိသီမဋ္ဌက) ရဟန်းအတွက် ကျောင်းအိပ်ရာနေရာကို ယူစေကြကုန်၏။ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြရာ မြတ်စွာဘုရားက-

* န ဘိက္ခဝေ နိဿီမေ ဌိတဿ သေနာသနံ ဂါဟေတဗ္ဗံ၊ ယော ဂါဟေယျ အာပတ္တိ ဒုက္ကဋဿ။ (ဝိ-၄-၃၁၈)-ဟု ပညတ်တော်မူလေသည်။

ဤပညတ်တော်မူချက်အရ ဥပစာရသိမ်အတွင်းသို့ ရောက်ရှိနေထိုင်သူ (အန္တောသီမဋ္ဌက)ရဟန်းအားသာ ကျောင်းအိပ်ရာနေရာကို ပေးခွင့်ရကြပြီး ဥပစာရသိမ်၏အပ၌ ရောက်ရှိနေထိုင်သူ (ဗဟိသီမဋ္ဌ)ရဟန်းအား ကျောင်းအိပ်ရာနေရာကို (အမြဲနေရန်) ပေးခွင့်မရ။

ဤပါဠိတော်တွင် နိဿီမေ-၌ သီမ-အရ * နိဿီမေ ဌိတဿာတိ ဥပစာရသီမတော ဗဟိဌိတဿ-ဟူသော စူဠဝဂ္ဂါဒိအဋ္ဌကထာ(၆၅)-အရ ဥပစာရသိမ်ကို ဆိုလိုကြောင်း သိရ၏။ ထိုဥပစာရသိမ်ဟူသည် အဘယ်နည်း။

၁။ အကာအရံရှိသော ကျောင်းတိုက်၌ အကာအရံအတွင်းအရပ်သည်

၂။ အကာအရံမရှိသော ကျောင်းတိုက်၌ အစွန်ဆုံးကျောင်းမှ ခဲနှစ်ကျအတွင်းအရပ်သည် ဥပစာရသိမ် ဖြစ်၏။

ဤစကားအရ ဥပစာရသိမ်ဟု ဆိုအပ်သော ကျောင်းတိုက်အတွင်းအရပ်သည် အန္တောသီမ-ဖြစ်၍ အပြင်အရပ်သည် ဗဟိသီမ-ဖြစ်၏။

## အာဝါသိကနှင့် အာဂန္တုက

ကျောင်းတိုက်အတွင်း ရောက်ရှိနေသော ရဟန်းသည်

၁။ အမြဲနေသော အာဝါသိကရဟန်း

၂။ ခေတ္တနေသော အာဂန္တုက ရဟန်း-ဟု နှစ်မျိုးရှိနိုင်ပြန်ရာ

* သေနာသနံ ဂါဟေတဗ္ဗံ-ဟု ယူခြင်းအနက်ဟော ဂဟ-ဓာတ်ဖြင့် ဟောတော်မူခြင်းကြောင့်လည်းကောင်း၊

* ဝဿူပနာယိက ဒိဝသေ ကာလံ ဃောသေတွာ ဧကမဥ္စဋ္ဌာနံ ဧကေဿ ဘိက္ခုနော ဂါဟေတုံ အနုဇာနာမီတိ အတ္ထော-ဟု ဝါဆိုမည့်နေ့၌ အိပ်ရာနေရာကို ယူစေဘို့ ခွင့်ပြုတော်မူခြင်းဖြစ်ကြောင်း စူဠဝဂ္ဂအဋ္ဌကထာ(နှာ-၆၅)-၌ ဖွင့်ဆိုခြင်းကြောင့်လည်းကောင်း၊

* အာဝါသိကေန ဘိက္ခုဝေ ဘိက္ခုနာ အာဂန္တုကံ ဘိက္ခုံ ဝုဍ္ဎတရံ ဒိသွာ အာသနံ ပညပေတဗ္ဗံ-ဟု စူဠဝဂ္ဂပါဠိ(နှာ-၃၇၇)၊

* ဥပေါ စု ပ-ပုဗ္ဗော နိက္ခိပနေပိ-ဟူသော ဓာတွတ္ထသင်္ဂဟကျမ်း ဂါထာနံပါတ် ၁၄၅-အရ ချထားခြင်းအနက်ဟော ပ-ပုဗ္ဗ ဥပ-ဓာတ်ဖြင့် အာသနံ ပညပေတဗ္ဗံ-နေရာကို ချထားပေးအပ်၏-ဟု ဟောတော်မူခြင်းကြောင့်လည်းကောင်း <u>အမြဲနေ အာဝါသိကရဟန်းကိုသာ</u> <u>အန္တောသီမဋ္ဌက-အဖြစ် ယူရမည်ဖြစ်၏</u>။ ဥပစာရ သိမ် အတွင်းသို့ ရောက်ရှိနေစေကာမူ အာဂန္တုကရဟန်းကို အန္တောသီမဋ္ဌ-အဖြစ် မယူရ-ဟုဆိုလိုသည်။

ဤ၌ အမှတ်(၁)-အရ အမြဲနေအာဝါသိကရဟန်းဆိုသည်မှာ ရှေးယခင်မှ စ၍ နေထိုင်လျက်ရှိသော ရဟန်းကိုသာ ဆိုလိုသည်မဟုတ်၊ <u>ဤကျောင်းတိုက်၌ အာဝါသိကအဖြစ် နေမည်-ဟူသော ရည်မှန်းချက်ဖြင့် ကျောင်းတိုက်အတွင်းသို့ ရောက်စ ရဟန်းကိုလည်း</u> အမြဲနေ အာဝါသိက-ဟု ဆိုရမည်ဖြစ်၏။

အမှတ် (၂)-စကားအရ အာဂန္တုကရဟန်းသည် အာဂန္တုက-အဖြစ်ဖြင့် မည်မျှ ကြာအောင်နေကာမူ အန္တောသီမဋ္ဌက-မဖြစ်၊ <u>ဤကျောင်းတိုက်၌ နေတော့မည်-ဟု ဆုံးဖြတ်၍</u> မိမိနေရင်း ကျောင်း၌ တွယ်တာမှု အာလယဖြတ်လိုက်သည့်အချိန်မှ စ၍ အန္တောသီမဋ္ဌ-ဖြစ်တော့သည်။

ထို့ကြောင့် အန္တောသီမဋ္ဌ-အင်္ဂါကို

(က) ဥပစာရသိမ်အတွင်း ရောက်ရှိနေခြင်း၊

(ခ) ဤ၌နေတော့အံ့-ဟု ဆုံးဖြတ်ခြင်း-ဟူ၍ အင်္ဂါနှစ်ပါး ညီရမည်ဖြစ်ကြောင်းသိအပ်၏။

ဗဟိသီမဋ္ဌက-မှာ

(က) အခြားကျောင်းတိုက်၌ အာဝါသိက-အဖြစ်ဖြင့် နေထိုင်သောရဟန်း၊

(ခ) ဤကျောင်းတိုက်မှ အာလယပြတ် ထွက်သွားသောရဟန်းတို့သည် ဤကျောင်းတိုက်၏ ဗဟိသီမဋ္ဌက-ရဟန်းများ ဖြစ်ကြ၏။

ထိုနှစ်မျိုးတို့တွင် (ခ)-ရဟန်းနှင့်စပ်၍ ဥပစာရသိမ်မှ ခြေတစ်လှမ်းကျော်လွန်မိရုံနှင့် ဗဟိသီမဋ္ဌက-ဖြစ်ကြောင်း၊

* ယော ပန ကေသ္မိံ ဝိဟာရေ သေနာသနံ ဂဟေတွာ အညသ္မိံ ဝိဟာရေ ဝသိဿာမီတိ ဂစ္ဆတိ၊ တဿ ဥပစာရသီမာတိက္ကမေ သေနာသနဂ္ဂါဟော ပဋိပဿမ္ဘတိ-ဟု (စူဠဝဂ္ဂဋ္ဌကထာ- နှာ-၇၆)-၌ မိန့်ဆိုတော်မူ၏။

အခြားကျောင်းတိုက်၌ မည်မျှကြာအောင်နေသည် ဖြစ်စေ ဤကျောင်းတိုက်၌ အာလယမပြတ်လျှင်ကား သေနာသနဂ္ဂါဟ မငြိမ်း၊ ဤကျောင်းတိုက်၏ အန္တောသီမဋ္ဌ-ပင် ဖြစ်၏-ဟု မှတ်။

ထို့ကြောင့် ဗဟိသီမဋ္ဌ-အင်္ဂါကို

(က) ဥပစာရသိမ်မှ ထွက်ခွါသွားခြင်း၊

(ခ) ဤ၌ မနေတော့-ဟု အာယလပြတ်စဲခြင်း-ဟု မှတ်ပါလေ။

# အန္တောသီမဠ ဝိနိစ္ဆယ (ဝိတ္ထာရကထာ)
# (အာဝါသိက-သာ အန္တောသီမဠဖြစ်နိုင်)

အန္တောသီမဠ-ဟူသော အမည်သည် ခေါ်ဝေါ်၍ ဖြစ်ရုံ အမည်မျှသာ မဟုတ်၊ လက်တွေ့အသုံးချရမည့် အမည်နာမ ဖြစ်၏။ အကြောင်းကား သံဃိက ကျောင်းများ၌ ကျောင်းထိုင်ဘုန်းကြီး အသစ်တင်မြှောက်ရာဝယ်

ဝိနိစ္ဆယလက်စွဲ နှာ-၁၀၃-၌

* ဤအဠကထာ,ဋီကာ-ကိုထောက်၍ ဗဟိသီမဠကပုဂ္ဂိုလ်များသည် အညသီမဠကသံဃိကပစ္စည်းများကို ဣဿရိယအဖြစ်ဖြင့် စောင့်ရှောက်ထိမ်းသိမ်းခွင့် မရှိကြောင်း ထင်ရှားပါသည်။ ထို့ပြင်-

(က) ဝိ-၄-၃၁၈-အရ ဗဟိသီမဠက-ဖြစ်ခိုက် ရဟန်းအား အန္တောသီမဠက ကျောင်းကို မခံစေရ။

(ခ) ဝိ-၄-၃၂၅-အရ ဗဟိသီမဠက-ဖြစ်ခိုက် ရဟန်းအား အန္တောသီမဠက နဝကမ္မ-ကို မပေးရ။

(ဂ) ဝိ-၃-၃၉၇/၄၂၇။ ဝိ-၅-၃ ၄၀၅/၄၂၀။ ဝိ-၅-၄-၈၈/၈၉။ ဝိ-သင်္ဂဟ-၂၆၄-စသည်တို့အရ အန္တောသီမဠက လဟုဘဏ်ကို အန္တောသီမဠက သံဃာတော်များသာ သုံးဆောင်ခွင့် ရှိ၍ ဗဟိသီမဠက သံဃာတော်များ သုံးဆောင်ခွင့် မရှိခြင်း။

အထက်ပါ ပါဠိတော်,အဠကထာ-တို့အရလည်း ဗဟိသီမဠကပုဂ္ဂိုလ်,ဂိုဏ်း သံဃာတော်များသည် အညသီမဠကသံဃိက-ပစ္စည်းများကို ဣဿရိယ-အဖြစ်ဖြင့် စောင့်ရှောက်ထိမ်းသိမ်းခွင့် မရှိကြောင်း ထင်ရှားပါသည်။

ထို့ကြောင့် ပဏ္ဍိတ,ဗျတ္တ အန္တောသီမဠက-ရဟန်းရှိနေပါလျက် သံဃိကကျောင်းကို ဗဟိသီမဠက-ရဟန်းအား သော်လည်းကောင်း၊ ဂိုဏ်းအားသော် လည်းကောင်း၊ ရဟန်းပုဂ္ဂိုလ်,လူပုဂ္ဂိုလ်အား သော်လည်းကောင်း ဣဿရိယ-အဖြစ်ဖြင့် ထိမ်းသိမ်းစောင့်ရှောက်ခွင့် မပြုသင့်ပေ။

## (င) ဓုဝဝါသ အနုဋ္ဌာပနိယ-ကျောင်းထိုင်နာယက တင်မြှောက်ထိုက်သောပုဂ္ဂိုလ်။

(က) ဗဟုပကာရဂုဏ်, ဂုဏာဝိသိဋ္ဌဂုဏ် အင်္ဂါနှစ်ပါး (သို့မဟုတ်) ယင်းအင်္ဂါနှစ်ပါးတို့တွင် တစ်ပါးပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို ဓုဝဝါသ, အနုဋ္ဌာပနိယ-ကျောင်းထိုင်နာယက တင်မြှောက်ရမည်။

(ခ) အင်္ဂယုတ္တသီတင်းငယ် ပုဂ္ဂိုလ်နှင့် အင်္ဂဝိယုတ္တသီတင်းကြီး နှစ်မျိုးရှိသော ကျောင်း, ကျောင်းတိုက်၌ အင်္ဂယုတ္တပုဂ္ဂိုလ်ကိုသာ ဓုဝဝါသ, အနုဋ္ဌာပနိယ-ကျောင်းထိုင် နာယကတင်မြှောက်ရမည်။ သို့ရာတွင် သီတင်းကြီးကို နေရာမှ မထစေသင့်။

(ဂ) အင်္ဂယုတ္တပုဂ္ဂိုလ်နှစ်ပါးသုံးပါး-စသည် ရှိခဲ့သော် ဝုဍ္ဎတရ-ဖြစ်သော အင်္ဂယုတ္တပုဂ္ဂိုလ်ကိုသာ ဓုဝဝါသ အနုဋ္ဌာပနိယကျောင်းထိုင် နာယကတင်မြှောက်ရမည်။ (ဝိ-၄-၃၁၁၊ဝိနယာလင်္ကာရ-ဋီ၂-၈၂)

လစ်လပ်သော ကျောင်းအများရှိရာ၌ ဝုဍ္ဎတရ-ဖြစ်သော အင်္ဂယုတ္တပုဂ္ဂိုလ်အား ကြိုက်နှစ်သက်ရာ ကျောင်းကို ပေးရမည်။ ကျန်သောကျောင်းကို သီတင်းငယ်အား ပေးရမည်။ (ဝိ-၄-၃၁၁)

(ဃ) ဗာလ အဗျတ္တရဟန်းတို့ နေထိုင်ရာ ကျောင်းကျောင်းတိုက်သို့ အင်္ဂယုတ္တပုဂ္ဂိုလ် ကြွရောက်လာပါက ယင်းအင်္ဂယုတ္တပုဂ္ဂိုလ်ကို ဓုဝဝါသ အနုဋ္ဌာပနိယ ကျောင်းထိုင်နာယက တင်မြှောက်ရမည်။

(င) အကယ်၍ အန္တေဝါသိမဋ္ဌက-ရဟန်းများ ဗာလ,အဗျတ္တ ဖြစ်နေလျှင် ပဏ္ဍိတ, ဗျတ္တ-ရဟန်းတို့နေထိုင်ရာ ကျောင်း ကျောင်းတိုက်သို့ ရွှေ့ပြောင်း နေထိုင်ရမည်။ ရွှေ့ပြောင်းမနေလိုပါက ဗဟိသီမဋ္ဌက အင်္ဂယုတ္တပုဂ္ဂိုလ်ကို ပင့်ဆောင်ထား၍ နေထိုင်ကြရမည်။ ယင်းအင်္ဂယုတ္တပုဂ္ဂိုလ်ကို ဓုဝဝါသ အနုဋ္ဌာပနိယ ကျောင်းထိုင်နာယက တင်မြှောက်ရမည်။ (ဝိ-၃ ၁၆၀-၁၆၁။ ဝိ-ဋ-၃ ၃၄၂-၃၄၃။ ဝိ-သင်္ဂဟ-၂၀၉။ ဝိနယာလင်္ကာရ ၂- ၈၂-၈၃၊ ၈၅)

# (ခ) ဓုဝဝါသ အနုဋ္ဌာပနီယ ကျောင်းထိုင်နာယက တင်မြှောက်နည်း

ဥပစာရသိမ်အတွင်း၌ သီမဋ္ဌကသံဃာကို သုတ်သင်ပြီး ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကိုဆောင်၍ သမဂ္ဂသံဃာ၏ အလိုအားဖြင့် သုံးကြိမ် ကြားစေပြီးလျှင် အင်္ဂါယုတ္တပုဂ္ဂိုလ်ကို ဓုဝဝါသအနုဋ္ဌာပနီယ ကျောင်းထိုင်နာယက တင်မြှောက်ရမည်။ (ဝိ-၅-၃၊ ၄၆။ ၄၀၄။ ဝိ-၅-၄-၂၅၃။ ကင်္ခါဋီကာသစ်-၃၆၈။)

ဤကား အန္တောသီမဋ္ဌက-ဟူသော စကား အရေးကြီးပုံကို ဝိနိစ္ဆယလက်စွဲမှ ထုတ်နုတ်ပြဆိုခြင်းတည်း။

**(ဝိနယာလင်္ကာရဋီကာ-အလို)**

* ဧဝံ ဒုဝင်္ဂသမ္ပန္နော ပုဂ္ဂလော အန္တောသီမဋ္ဌောတိ ဝါ ဗဟိသီမဋ္ဌောတိ ဝါ ပုစ္ဆိတွာ အန္တောသီမဋ္ဌောတိ ဝုတ္တေ သာဓု သုဋ္ဌု တဿ ဒါတဗ္ဗောတိ သမ္ပဋိစ္ဆိတဗ္ဗံ။ ဗဟိသီမဋ္ဌောတိ ဝုတ္တေ န ဒါတဗ္ဗောတိ ပဋိက္ခိပိတဗ္ဗံ။

စသည်ဖြင့် ဝိနယာလင်္ကာရဋီကာ ပြဆိုသည့်အတိုင်း အန္တောသီမဋ္ဌရဟန်းတော်များထဲမှ အင်္ဂါနှစ်ပါး, တစ်ပါးနှင့် ပြည့်စုံသော ရဟန်းကို ရွေးချယ်တင်မြှောက်ရမည်ဖြစ်၏။ (သို့မဟုတ်) အန္တောသီမဋ္ဌရဟန်းတော်တို့၏ ဆန္ဒအရ အပြင်မှ ရှာဖွေ၍ တင်မြှောက်ရမည်ဖြစ်၏။

ဒီအခါမှာ မိမိတို့ ကျောင်းထိုင်တင်မြှောက်မည့် ရဟန်းတော်၏ အန္တောသီမဋ္ဌ-ဖြစ်/မဖြစ် စိစစ်ဘို့ အလွန်အရေးကြီး၏။

အာဂန္တုက, အာဝါသိက မခွဲခြားဘဲ ကျောင်းထဲရောက်လာသမျှ အန္တောသီမဋ္ဌ-ချည်း ဖြစ်ကြ၏-ဟု ရောက်လာသမျှ ရဟန်းအားလုံးထဲမှ ကျောင်းထိုင်မည့် ပုဂ္ဂိုလ်ကို ရွေးချယ်လျှင် (သို့မဟုတ်) ဟိုမှ ဒီမှ (အခုမှ) ရောက်လာသောရဟန်းတို့၏ဆန္ဒဖြင့် ရွေးချယ်လျှင်ကော အဆင်ပြေပါမည်လော။ မူလရှိနေပြီး အာဝါသိက-တို့အနေနှင့်ကော လက်ခံနိုင်ပါမည်လော-စသည်ဖြင့် တွေးတောစရာတွေ တစ်ပုံကြီး ရှိနေပါ၏။ ထို့ကြောင့် အာဝါသိကသာ အန္တောသီမဋ္ဌဖြစ်နိုင်ပုံကို အာစရိယဝါဒ, ဋီကာဝါဒ-တို့ဖြင့် စိစစ်ပြဆိုပါအံ့။

## အာစရိယဝါဒ-အရ အာဝါသိကသာ အန္တောသီမဋ္ဌ ဖြစ်နိုင်ပုံ

(က) အာဝါသိကေန ဘိက္ခဝေ ဘိက္ခုနာ အာဂန္တုကံ ဝုဍ္ဍတရံ ဒိသွာ အာသနံ ပညပေတဗ္ဗံ။

(ခ) အာဂန္တုကော ဘိက္ခု ဝုဍ္ဍတရော အဘိဝါဒေတဗ္ဗော။ သေနာသနံ ပညပေတဗ္ဗံ၊ ဧတ္တ တေ သေနာသနံ ပါပုဏာတီတိ။

(ဂ) သစေ နဝကော ဟောတိ နိသိန္နကေနဝ အာစိက္ခိတဗ္ဗံ၊ အတြ ပတ္တံ နိက္ခိပါဟိ၊ အတြ စီဝရံ နိက္ခိပါဟိ၊ ဣဒံ အာသနံ နိသီဒါဟီတိ။

(ဃ) အာဂန္တုကော ဘိက္ခု နဝကော အဘိဝါဒါပေတဗ္ဗော၊ သေနာသနံ အာစိက္ခိတဗ္ဗံ။ ဧတ္တ တေ သေနာသနံ ပါပုဏာတီတိ။ (စူဠဝဂ္ဂပါဠိ-၃၇၇)

ဤကား စူဠဝဂ္ဂပါဠိတော် ဝတ္တက္ခန္ဓကၡလာသော အာဝါသိကဝတ္တကထာ ဖြစ်၏။

အာဂန္တုကပုဂ္ဂိုလ်များ ကြွလာလျှင် အာဝါသိကပုဂ္ဂိုလ်များက ပြုကျင့်ရမည့် ကျင့်ဝတ်ဖြစ်၏။

<u>ဆိုလိုရင်းကား-</u>

မိမိထက် ကြီးသော အာဂန္တုကြွလာလျှင် မိမိက ရှိခိုးရမည်။ နေရာထိုင်ခင်း ခင်းပေးရမည်။ အကယ်၍ ညအိပ်ညဉ့်နေ ကြွလာပါက အိပ်ရာခင်းပေးရမည်။ ကြွလာသော အာဂန္တုသည် မိမိအောက် ငယ်နေပါက အာဂန္တုပုဂ္ဂိုလ်က ရှိခိုးရမည်။ မိမိက (ထိုင်လျက်ကပင်) ဤမှာ သပိတ်ထား၊ ဤမှာ သင်္ကန်းထား၊ ဤနေရာမှာ ထိုင်ပါ-ဟု ညွှန်ကြားရမည်၊ အကယ်၍ ညအိပ်ညဉ့်နေ ကြွရောက်လာပါက အိပ်ဖို့ နေရာ ညွှန်ကြားရမည်-ဖြစ်၏။

(ဤကား အာဝါသိကဝတ္တကထာ ပါဠိတော်ကို မြန်မာပြန်ခြင်း ဖြစ်၏။ အဋ္ဌကထာဖွင့်ကို အဋ္ဌကထာ၌ ကြည့်ပါ။)

သေနာသနက္ခန္ဓက(၃၁၈)-၌လာသော-

* န ဘိက္ခဝေ နိဿီမေ ဋ္ဌိတဿ သေနာသနံ ဂါဟေတဗ္ဗံ၊ ယော ဂါဟေယျ၊ အာပတ္တိ ဒုက္ကဋဿ-၌ကား

* ဗဟိသီမဋ္ဌ-ဖြစ်ခိုက် န ဂါဟေတဗ္ဗံ။

* အန္တောသီမဋ္ဌ-ဖြစ်ခိုက် ဂါဟေတဗ္ဗံ-ဟု ဟောတော်မူ၏။

## ဆုံးဖြတ်ချက်

ဝတ္တက္ခန္ဓက-မှာ ပညတ်ထားသည့် အာဂန္တုပုဂ္ဂိုလ်များ ကြွလာလျှင် အာဝါသိကပုဂ္ဂိုလ်များက ပြုစုရမည့် ဝတ္တရား၌ ပညပေတဗ္ဗံ-ခင်းပေးအပ်၏။ အာစိက္ခိတဗ္ဗံ-ပြောကြားအပ်၏-ဟု ပညတ်တော်မူသော်လည်း သေနာသနက္ခန္ဓက(၃၁၈)-၌ကား ဗဟိသီမဋ္ဌက-ဖြစ်ခိုက် န ဂါဟေတဗ္ဗံ-မယူစေအပ်။ အန္တောသီမဋ္ဌက-ဖြစ်ခိုက် ဂါဟေတဗ္ဗံ-ယူစေအပ်၏-ဟု ယူခြင်းအနက်ဟော ဂဟ-ဓာတ်ဖြင့် ပညတ်တော်မူခြင်းကို ထောက်၍

- * အာဝါသိကဝတ္တကထာ-တုံးက အာဂန္တုဖြစ်လို့ ပညပေတဗ္ဗံ, အာစိက္ခိတဗ္ဗံ ဟောတော်မူ၏။
- * ဤသေနာသနက္ခန္ဓက-မှာတော့ အာဝါသိကဖြစ်လို့ ဂါဟေတဗ္ဗံ-ဟု ဟောတော်မူ၏။

ထို့ကြောင့် ဤအန္တောသီမဋ္ဌ-၌ အန္တောသီမဋ္ဌ-အရ အာဝါသိက-ကိုသာ ယူရမည်ဟု ပါဠိတော်နှစ်ရပ်ကို ဆက်စပ်ပြီး ဆုံးဖြတ်တော်မူကြ၏။

ဆိုင်ရာကျောင်း၌ နေလိုသောကြောင့် ကျောင်းကို ခံယူခြင်းဖြစ်ရာ ခံယူခြင်းဖြင့် ထိုကျောင်း၌ နေတော့အံ့-ဟူသော ဆုံးဖြတ်ချက်ကို ချပြီးသား ဖြစ်တော့၏။ ဆုံးဖြတ်ချက်ချလျှင်လည်း အာဝါသိက ဖြစ်တော့၏။ အကြောင်းကား ထိုဆုံးဖြတ်ချက်၌ ဂဟဏ နှင့် အာလယ-တို့ ပါပြီးဖြစ်သောကြောင့်တည်း။ သဗ္ဗတ္ထ ပစ္ဆိမေ ဂဟဏေ ဝါ အာလယေ ဝါ တိဋ္ဌတိ-ဟူသော အဋ္ဌကထာကိုထောက်။

နောက်အကြောင်းတစ်ခု ရှိသေး၏။ * ဝဿူပနာယိကဒိဝသေ ကာလံ ဃောသေတွာ ဧကမဉ္စဋ္ဌာနံ ဧကဿ ဘိက္ခုနော ဂါဟေတုံ အနုဇာနာမီတိ အတ္ထော။ (အဋ္ဌကထာ-၆၅)-အရ ဝါဆိုမည့်နေ့၌ ကျောင်းတွင်းရှိ ရဟန်းတော်များ အနေဖြင့် ကျောင်းအိပ်ရာနေရာ ယူကြစေရန် ခွင့်ပြုတော်မူခြင်း ဖြစ်သဖြင့်လည်း အန္တောသီမဋ္ဌ-အရ အာဝါသိကနှင့်သာ ဆိုင်၏-ဟု မှတ်။

(ဝါဆိုရန် အချိန်ပိုင်းအလိုလောက်မှာ ကြေငြာပြီး ကျောင်းအိပ်ရာနေရာ ပေးခြင်းဖြစ်၍ ခဏခေတ္တ ဝင်ရောက်လာသော အာဂန္တုများနှင့် မဆိုင်-ဟူလို)

ဤအကြောင်းကိုထောက်၍ အချို့သော ပညာရှင်များက * ဝါဆိုလျှင် အန္တောသီမဋ္ဌ၊ ဝါမဆိုလျှင် ဗဟိသီမဋ္ဌ-ဟု ဆိုတော်မူကြ၏။ ကျောင်းထဲ၌ ဗာလ, အဗျတ္တ-တွေချည်း ဖြစ်နေသည့်အတွက် အပြင်မှ ဗဟုဿုတ-ရဟန်း တစ်ပါးအား ပင့်ခေါ်၍ ဤ၌နေအံ့-ဟူသော ဆုံးဖြတ်ချက်ကို ချစေပြီး ကျောင်းထိုင်နာယက တင်မြှောက်လျှင်လည်း ဝါမဆိုဘဲ အန္တောသီမဋ္ဌ-ဖြစ်၍ အောင်မြင်သောကြောင့် ထိုဝါဆိုဝါဒကိုလည်း အတည်မပြုသင့်။

(အာမ ဝသိဿာမီတိ ပဋိဝစနဒါပနေန ဥပလာပေန္တော-ဟူသော ဝိနယာလင်္ကာရဋီကာ-ကိုထောက်)

## သဒ္ဒါရေးဖြင့် ဆုံးဖြတ်ခြင်း

အန္တောသီမဋ္ဌ-၌ အန္တောသီမ သဒ္ဒူပပဒ ဌာ-ဓာတ်, အ-ပစ္စည်း-ဖြစ်ရာ ဌာ-ဂတိနိဝတ္တိမှိ။ ဂတိနိဝတ္တိနာမ ဂမနဿုပစ္ဆေဒေါ-ဟူသော သဒ္ဒနီတိ ဓာတုမာလာနှင့် အညီ ဌာ-ဓာတ်သည် ဂတိ-ကို တားမြစ်၏။ ဂတိ-ဟူသည် လားခြင်း,သွားခြင်းတည်း။ ဂတိ-ကိုသာ တားသည်။ ဌာန, သယန, နိသဇ္ဇန-ကို မတား။ ထို့ကြောင့် ဂမနဿု ပစ္ဆေဒေါ-ဟု ထပ်ဖွင့်သည်။

ထို့ကြောင့် အန္တောသီမဋ္ဌ-ဆိုသည်မှာလည်း ဥပစာရသိမ်အတွင်း၌ ဆက်လက်တည်နေပြီး ခရီးမဆက်မည့်ပုဂ္ဂိုလ်-ဟုဆိုရာ ရောက်သောကြောင့် အာဝါသိကသာ ဖြစ်သင့်၏-ဟု ဆုံးဖြတ်တော်မူကြ၏။

ဤသို့ဆိုလျှင် အန္တောသီမေ အာဝါသိကဘာဝေန တိဋ္ဌန္တီတိ အန္တောသီမဋ္ဌာ-ဟုဆိုလျှင် ပို၍ ကောင်းလိမ့်မည်ဟု ထင်ရပါ၏။

## ဋီကာဝါဒဖြင့် ဆုံးဖြတ်ပုံ

၁။ နနုစ န ဘိက္ခဝေ နိဿီမေ ဋ္ဌိတဿ သေနာသနံ ဂါဟေတဗ္ဗံ၊ ယော ဂါဟေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ ဘဂဝတာ ဝုတ္တံ၊ အထ ကသ္မာ နိဿီမဂတော အာဂတဿ ဓုဝဝါသတ္ထာယ ဝိဟာရော ဒါတဗ္ဗောတိ။

၂။ (က) ဝုစ္စတော။
(ခ) နိဿီမေ ဋ္ဌိတဿာတိ ဣဒံ အနာဒရေ သာမိဝစနံ။
(ဂ) တသ္မာ နိဿီမေ ဋ္ဌိတံယေဝ သေနာသနံ န ဂါဟေတဗ္ဗန္တိ အတ္ထော ဒဋ္ဌဗ္ဗော။
န နဿီမေ ဋ္ဌိတဿ တဿ ဘိက္ခုဿ အန္တောသီမံ ပဝိဋ္ဌဿာပိ သေနာသနံ န ဂါဟေတဗ္ဗန္တိ အတ္ထော။
(ဃ) တသ္မာ ပုဗ္ဗေ ဗဟိသီမာယံ ဋ္ဌိတေပိ ဣဒါနိ အန္တောသီမံ ပဝိဋ္ဌကာလတော ပဋ္ဌာယ စတုပစ္စယဘာဂေါ လဗ္ဘတိ။
(ဝိနယာလင်္ကာရ-ဒု-၈၃)

**ဤဋီကာစကား၌** ၁။ စောဒကပက္ခ
၂။ ပရိဟာရပက္ခ-ဟု နှစ်မျိုးရှိရာ နှစ်မျိုးလုံး၌ အဓိပ္ပါယ်ပေါ်လွင်ပါ၏။ စောဒကပက္ခ-လာ ဓုဝဝါသတ္ထာယနှင့် ပတ်သက်၍သာ ရှင်းပြလိုပါ၏။

<u>အာဘောဂါယုတ္တစောဒနာ</u>

မြတ်စွာဘုရားသည် န ဘိက္ခဝေ နိဿီမေ ဋ္ဌိတဿ သေနာသနံ ဂါဟေတဗ္ဗံ ယော ဂါဟေယျ အာပတ္တိ ဒုက္ကဋဿ-ဟု ဟောတော်မူသည် မဟုတ်လော။ ထိုသို့ ဟောထားပါလျက် အဘယ့်ကြောင့် ဥပစာရသိမ်အပြင်မှ ရောက်လာသော ရဟန်းအား ဓုဝဝါသ-အကျိုးငှါ ကျောင်းကို ပေးရပါသနည်း။

ဤဝိနယာလင်္ကာရဋီကာ စောဒနာတက်၌ ဓုဝဝါသတ္ထာယ-ဝယ် ဓုဝ-သည် နိစ္စ-၏ ပရိယာယ်ဖြစ်၍ ဓုဝဝါသ-ဟူသည် နိစ္စဝါသ-တည်း။ နိစ္စဝါသ(အမြဲနေ)-ဟူသည်မှာလည်း အာဝါသိက-ပင် ဖြစ်၏။

အဖြေမြင်က အတင်ထုတ်မြ မလွဲတံထွာ ဓမ္မတာ-နှင့်အညီ အဖြေ၌ အာဝါသိက-ကို ရည်၍ ဖြေထားမှန်းသိလို့ ဋီကာဆရာကိုယ်တိုင်က အာဝါသိကဖြင့် စောဒနာတက်လိုက်ခြင်း ဖြစ်၏။

ဤသို့ဆိုလျှင် ဓုဝဝါသအကျိုးငှါ ကျောင်းပေးခြင်း-ဟူသည် အာဝါသိက-အကျိုးငှါ ကျောင်းပေးခြင်းဖြစ်၍ အန္တောသီမဋ္ဌ-ဟူသည်မှာလည်း အာဝါသိကသာ ဖြစ်ကြောင်း ထင်ရှားနေပါ၏။

* အမြဲနေသောကြောင့် အာဝါသိက အန္တောသီမဋ္ဌ၊

* အမြဲမနေ, ရံခါသာနေသောကြောင့် အာဂန္တုက ဗဟိသီမဋ္ဌ။

ယဒိ ပန တတ္ထ ဖာသု ဘဝိဿတိ ဝသိဿာမိ၊ နော စေ အာဂမိဿာမီတိ ဂန္ဒာ အဖာသုဘာဝံ ဉတွာ ပစ္စာဂစ္ဆတိ ဝဋ္ဋတိ။ (သေနာသနက္ခန္ဓကအဋ္ဌကထာ-၇၆)-ကို ထောက်။

ဤအဋ္ဌကထာပါဌ်၏အဓိပ္ပါယ်မှာ

တောင်ကျောင်းမှ မြောက်ကျောင်းသို့ ရောက်လာသော ရဟန်းအဘို့ မြောက်ကျောင်း၌ ချမ်းသာလျှင် နေမည်၊ မချမ်းသာက ပြန်လာမည်-ဟူသော ရည်ရွယ်ချက်ဖြင့် မြောက်ကျောင်းသို့ ရောက်လာခြင်းဖြစ်၍ သူ့အဘို့ တောင်ကျောင်း၌ အာလယမပြတ်သောကြောင့် တောင်ကျောင်း၏ အာဝါသိကသာ ဖြစ်နေ၏။

ထိုသို့ တောင်ကျောင်း၏ အာဝါသိကဖြစ်နေသမျှ မြောက်ကျောင်း၏ အာဝါသိက-မဖြစ်။ အာဂန္တုသာ ဖြစ်၏။(ရဟန်းတစ်ပါးတည်းက သံဃိကနှစ်ကျောင်း၌ အာဝါသိက မလုပ်ကောင်းသည်ကို သတိပြု) အာဝါသိကသာ အန္တောသီမဋ္ဌ-ဟူသော မူ-အရ ထိုရဟန်းအဘို့ မြောက်ကျောင်း၌ အာဂန္တုက-ဖြစ်၍ ဗဟိသီမဋ္ဌ ဖြစ်၏။

** စာသင်လို့ဖြစ်လျှင် နေမည်၊ မဖြစ်က ပြန်လာမည်-ဟူသော ရည်ရွယ်ချက်ဖြင့် စာသင်တိုက်ရောက်လာသော စာသင်သား သံဃာတော်များလည်း မူလဆရာသမားကျောင်း၌ အာလယမပြတ်သောကြောင့် စဉ်းစားစရာပင်။

ဤသို့ ဂဟဏနှင့်အာလယ-ကို မစဉ်းစားဘဲ အထဲမှာနေခိုက် အန္တောသီမဋ္ဌ၊ အပြင်ရောက်နေခိုက် ဗဟိသီမဋ္ဌ-ဟု ခပ်ပေါ့ပေါ့ ယူဆလျှင်ကား ကျောင်းပြစ် ကံပြစ် သာသနာပြုနေကြရသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊

နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများပင် မူလ မိမိတို့ကျောင်းနှင့် အဆက်ပြတ်ရမည့်ကိန်း ကြုံသွားနိုင်သဖြင့် သတိပြုစရာပင်။

သဗ္ဗတ္ထ ပဌိမေ ဂဟဏေ ဝါ အာလယေ ဝါ တိဋ္ဌတိ-ဟူသော အဋ္ဌကထာစကားအရ ခြုံ၍ ကြည့်ပါက ရောက်ရာကျောင်း၌ ဤ၌နေတော့အံ့-ဟု ဂဟဏအာလယဖြစ်ပါက မူလကျောင်း၌ ဂဟဏ အာလယ-ပြတ်ပြီး ရောက်ရာကျောင်း၌ အာဝါသိက အန္တောသီမဋ္ဌ-ဖြစ်၏ဟု မှတ်ပါလေ။

## အန္တောသီမဋ္ဌ ဝိနိစ္ဆယ

## (ဝိတ္ထာရကထာ)

## ဒုတိယအင်္ဂါအတွက် ရှင်းလင်းချက်

(က) န ဘိက္ခဝေ နိဿီမေ ဌိတဿ သေနာသနံ ဂါဟေတဗ္ဗံ၊ ယော ဂါဟေယျ အာပတ္တိ ဒုက္ကဋဿ။ (ဝိ-၄-၃၁၈)

(ခ) အန္တော ဥပစာရသီမာယ ပန ဒူရေ ဌိတဿာပိ (ဂါဟေတုံ) လဗ္ဘတိယေဝ။ (စူဠဝဂ္ဂဋ္ဌ-သေနာသနဂ္ဂါဟကထာ-၆၅)

(ဂ) ဧကသ္မိံ ဂါမေ အညဝိဟာရတော အာဂတောပိ အာဂန္တုကောဝ။ (ဝဇီရဗုဒ္ဓိ-၅၃၅)

(ဃ) န ဘိက္ခဝေ ဧကေန ဒွေ ပဋိဗာဟေတဗ္ဗာ။ ယော ပဋိဗာဟေယျ အာပတ္တိ ဒုက္ကဋဿ။ (စူဠဝဂ္ဂ ပါဠိ-၃၁၉)

(င) သဗ္ဗတ္ထ ပဌိမေ ဂဟဏေ ဝါ အာလယေ ဝါ တိဋ္ဌတိ။ (စူဠဝဂ္ဂ-ဋ္ဌ-၇၅)

ဤပါဠိတော်နှင့် အဋ္ဌကထာ ဋီကာ-တို့သည် သံဃိကကျောင်းကို ခံယူရာ၌ လိုက်နာရမည့် သိက္ခာပုဒ်များဖြစ်ကြ၍ မလိုက်နာလို့ လုံးဝ မဖြစ်နိုင်ပါ။

ထိုတွင် (က) (ခ)-ပါဠိ အဋ္ဌကထာ-တို့ဖြင့် ဥပစာရသိမ်၏ ပြင်ပ၌နေခိုက် သံဃိကကျောင်း အိပ်ရာနေရာကို ယူခွင့်မရှိ။ ပေးခွင့်မရှိ။ ဥပစာရသိမ်အတွင်း ရောက်နေလျှင်ကား(ကျောင်းဝင်းကျယ်၍)ယူမည့်ရဟန်းနှင့် ယူရမည့်ကျောင်းအိပ်ရာ နေရာတို့ ဝေးနေသည့်တိုင်အောင် ယူနိုင် ပေးနိုင်၏။

ဤ(က)(ခ)-ပါဠိ အဋ္ဌကထာ-တို့ကို ထောက်ပါက ဥပစာရသိမ်၏ အပြင်မှာ တည်နေခိုက် ဗဟိသီမဋ္ဌ၊ အတွင်းရောက်နေခိုက် တည်နေခိုက် အန္တောသီမဋ္ဌ-ဟု လည်းကောင်း၊ ဗဟိသီမဋ္ဌဖြစ်ခိုက် သံဃိကကျောင်းအိပ်ရာနေရာကို ယူခွင့်မရှိ၊ (ပေးခွင့်မရှိ) အန္တောသီမဋ္ဌ-ဖြစ်ခိုက်ကား ယူခွင့် (ပေးခွင့်)ရှိ၏-ဟု ဆိုရာရောက်၏။ အန္တောသီမဋ္ဌ-အရ ဘယ်လိုပုဂ္ဂိုလ်ကို ယူရမည်ဟုကား တိတိကျကျ မပြဆို။

ပြဆိုဘို့ လိုသေးလို့လား။ ကျောင်းအတွင်း ရောက်နေသမျှ အကုန်လုံး အန္တောသီမဋ္ဌ-ချည်းပေါ့-ဟု လွယ်လွယ်ဆိုလျှင်လည်း ကျောင်းအတွင်း ရောက်နေတဲ့ ပုဂ္ဂိုလ်များဆိုတာ အာဂန္တုလဲ ရှိတယ်၊ အာဝါသိကလဲ ရှိတယ်။

ဒီတော့ သံဃိကကျောင်း တစ်ကျောင်းမှာ ကျောင်းထိုင်ဘုန်းကြီး အသစ် တင်တဲ့အခါ ဝိနယာလင်္ကာရ ဋီကာ-က အန္တောသီမဋ္ဌထဲက ရွေးရမယ်၊ အန္တောသီမဋ္ဌ-တို့ရဲ့ ဆန္ဒအရ ရွေးရမယ်လို့ ပြောတယ်။ အခုလဲ အန္တောသီမဋ္ဌ-ဖြစ်တဲ့ အာဂန္တုတွေ ထဲက ရဟန်းတစ်ပါးကို အာဂန္တု တို့ရဲ့ ဆန္ဒနဲ့ ကျောင်းထိုင်တင်မြှောက်သွားခဲ့လျှင် ကျန်တဲ့ အာဝါသိကတွေက ကျေနပ်မှု ရှိနိုင်ပါ့မလား-စတဲ့ ပြဿနာတွေ ပေါ်လာမှာ သေချာပါသည်။

နောက်တစ်ခုက ဂရုဘဏ်-ဆိုတာ သံဃိကမှာသာ ရှိတယ်၊ ဂဏိက, ပုဂ္ဂလိက-တို့မှာ ဂရုဘဏ် မရှိဘူး။ ဒီတော့ အဝေဘင်္ဂိယ-ဖြစ်တဲ့ သံဃိကဂရုဘဏ် ကျောင်းကို ဘယ်သူကမှ အပိုင်ပေးလို့ ယူလို့ မဖြစ်ဘူး။ အကယ်၍ ခဏခေတ္တသာ ရောက်လာတဲ့ အာဂန္တုအား ကျောင်းပေးမိလျှင် ရောင်းစားသွားရုံပဲ ရှိမှာဘဲ။

ဒါမျိုးကို ရည်ရွယ်၍ ဇမ္ဗူဒီပဓဇအမည်ရသော ရှင်ဥမင်ဆရာတော်ကြီးက (က)-ဝါကျပါဠိတော် အဖွင့်ကို အနက်ပေးတဲ့အခါ (ဤကား သိမ်ပကနေ၍ မခံအပ်သည်ကိုသာ ဟော သည်၊ သိမ်ပ-သာ မခံကောင်း-ဟု မယူလင့်)ဟု မှတ်ချက် ပြုသွားတော်မူ၏။

အမှန်မှာ ခေတ္တခဏ တည်းခိုလိုတဲ့ အာဂန္တုများအတွက် အာဝါသိကဝတ္တကထာမှာ အပြည့်အစုံ ပညတ်ပြီး ဖြစ်၏။ နေထိုင်ရာ အိပ်ရာခင်း ပေးရမယ်၊ ကျောင်းဆောင် ညွှန်ကြားရမည်-စသဖြင့် ပညတ်ပြီးဖြစ်တဲ့အတွက် ကျောင်းယူရန်ပင် မလိုတော့ပါ။

ပြောလိုတာကတော့ အပြင်ကနေ အထဲဝင်ပြီး အထဲကကျောင်းကို ခံယူတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီကျောင်းမှာ နေချင်လို့ဘဲ ဖြစ်ပါတယ်။ နေချင်လို့ယူလျှင် နေမယ် ဆိုတဲ့ ဆုံးဖြတ်ချက်လဲ ချပြီးသား ဖြစ်ပါတယ်။ နေမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ချလိုက်လျှင်လဲ အာဝါသိက ဖြစ်သွားပြီ-လို့ မှတ်ရမှာပါဘဲ။ [(ဂ) (ဃ) (င)-သိက္ခာပုဒ်တို့ကို ဆက်လက် လေ့လာပါဦး]

(ဂ)-ဝါကျ ဝဇိရဗုဒ္ဓိ ဋီကာကြီးဖြင့် တစ်ရွာထဲ၌ဖြစ်စေ အခြားကျောင်းမှ ရောက်လာသမျှ အာဂန္တုကသာ ဖြစ်၏-ဟူသောစကားအရ အသစ်အသစ် ရောက်လာသမျှ သံဃာတော်များသည် အာဂန္တုသာ ဖြစ်ကြရကား မူလကျောင်းရှိ အာဝါသိကများနှင့် ပေါင်းလျှင် ကျောင်းထဲမှာ အာဂန္တုနှင့် အာဝါသိက နှစ်မျိုးသာ ရှိကြ၏။ အလွတ်ဟူ၍ မရှိ-ဟု မှတ်ပါ။

ဒါတွင်မက ကျောင်းထဲရောက်လာရုံဖြင့် အာဝါသိက မဖြစ်နိုင်၊ အာဂန္တုသာ ဖြစ်သေး၏။ အာဝါသိက-တို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာ-အရ <u>ဤ၌ နေတော့အံ့-</u> ဟူသော ဆုံးဖြတ်ချက်ကို ချနိုင်သော အခါမှ အာဝါသိက ဖြစ်၏-ဟု မှတ်ပါ။

ဤစကားနှင့်စပ်၍ သာရတ္ထဋီကာကြီး ဒုတိယတွဲ စာမျက်နှာ-၃၆၇-၌

* အာဝါသေ နိယုတ္တာ အာဝါသိကာ နိဗဒ္ဓဝါသိနော၊

တေ အကတံ သေနာသနံ ကရောန္တိ၊ ဇိဏ္ဏံ ပဋိသင်္ခရောန္တိ၊

ကတေ ဣဿရာ ဟောန္တိ-ဟု ဆိုထားသည်ကိုလည်း သတိပြုသင့်၏။

ဤ၌ နိဗဒ္ဓဝါသိနော-ဖြင့် အာဝါသိက-၏ လက္ခဏာကို ပြ၏။ အမြဲနေမည် ဟူသော ရည်ရွယ်ချက်ဖြင့် အမြဲနေမှ အာဝါသိက-ဟူ၏။ တေ အကတံ-စသည်ဖြင့် အာဝါသိက-၏ လုပ်ဆောင်ရမည့် တာဝန်သုံးရပ်ကို ပြ၏။

၁။ သံဃာအများ နေထိုင်ဘို့ရန် ကျောင်းဆောင်လိုအပ်ပါက အပ်စပ်သော နည်းဖြင့် ကျောင်းဆောင်အသစ် ဆောက်လုပ်ရမည်။

၂။ ဆောက်လုပ်ပြီး ကျောင်းဆောင်များ ဆွေးမြေ့ပါက ပြုပြင်ရမည်။

၃။ ပြုလုပ်ပြီးသော ကျောင်း၌ အစိုးတရ အုပ်ချုပ်နေထိုင်နိုင်ရမည်။

ဤသုံးပါးတို့ ဖြစ်၏။

ဤစကားအရ အာဝါသိကမှာ ကျောင်းထိုင်ဘုန်းကြီးကို ဆိုလိုဟန် ရှိ၏။ တဖန် ပါရာဇိကဏ်အဋ္ဌကထာ (ဒု-၁၉၈)-၌

* ယေ ပန ကေဝလံ ဝိဟာရေ ဝသန္တိ၊ တေ နေဝါသိကာတိ ဝုစ္စန္တိ။

သာရတ္ထ (ဒု-၃၆၈)-၌

* နိဝါသော နိဝါသမတ္တံ ဧတေသံ အတ္ထီတိ နေဝါသိကာ။

ယောဇနာ (၅၀၀)-၌

* နေဝါသိကာတိ နိဗဒ္ဓံ ဝသန္တီတိ မနေဝါသိကာ။

ဖွင့်ဆိုထားကြသောကြောင့် ကျောင်းထိုင်ကို အာဝါသိက၊ ခန်းနေ ရဟန်း သံဃာများကို နေဝါသိက-ဟု ယူတော်မူကြ၏။ ပါရာဇိကဏ် ဘာသာဋီကာ စတုတ္ထတွဲ (နှာ-၁၅၃)-၌လည်း ကျောင်းထိုင်ကို အာဝါသိက၊ ကျောင်းထိုင်မှတပါး တပည့်များကို နေဝါသိက-ဟု ဆိုတော်မူ၏။

* <u>မိမိအလိုကား</u> ကျောင်းထိုင်သည် ပဓာန အာဝါသိက၊ ကျန်အမြဲနေ တပည့်များသည် အာဝါသိက-ဖြစ်ကြ၏-ဟု ယူလျှင် ပိုကောင်းမည် ထင်ရ၏။

အကြောင်းကား အာဝါသိကနှင့် နေဝါသိက-မှာ ပရိယာယ်မျှသာ ဖြစ်ကြသောကြောင့်တည်း။

(ဃ)-နံပါတ် ပါဠိတော်နှင့် (င)-နံပါတ် အဋ္ဌကထာ-တို့ကား ဥပနန္ဒဝတ္ထုနှင့် ဆက်စပ် သည်ဖြစ်၍ ဥပနန္ဒဝတ္ထုကို ဦးစွာ ပြဆိုပါမည်။

## ဥပနန္ဒဝတ္ထု

မြတ်စွာဘုရားလက်ထက်တော်က သာကီဝင်မင်းသား ရှင်ဥပနန္ဒသည် သာဝတ္ထိမြို့မှ တစ်ခုသော သံဃိကကျောင်းအိပ်ရာနေရာကို ခံယူပြီး တစ်ခုသော ရွာငယ်မှ ကျောင်းအိပ်ရာနေရာကို ခံယူပြန်၏။ ထိုကိစ္စကို ရဟန်းတော်များက မေးသောအခါ-

ငါ့ရှင်တို့ ငါနှစ်ကျောင်းခံယူမိတာတော့ ဟုတ်ပါ၏၊ ဒါပေမယ့် ရွာငယ်က ကျောင်းကို စွန့်ပါ၏-ဟု ဆို၏။ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြသောအခါ မြတ်စွာဘုရားက

ဥပနန္ဒ- သင်သည် တစ်ခုသော ရွာငယ်ကကျောင်းကို ခံယူစဉ်ကပင်လျှင် သာဝတ္ထိကကျောင်းကို စွန့်လွှတ်ပြီးဖြစ်၏။ ယခုတစ်ဖန် ရွာငယ်ကကျောင်းကို စွန့်လွှတ်လိုက်သဖြင့် သင့်အဖို့ နှစ်ကျောင်းလုံးမှ အလွတ်ဖြစ်သွားတော့၏-ဟု မိန့်တော်မူပြီး

*     န ဘိက္ခဝေ ဧကေန ဒွေ ပဋိဗာဟေတဗ္ဗာ၊
      ယော ပဋိဗာဟေယျ အာပတ္တိ ဒုက္ကဋဿ။

တစ်ပါးတည်းက သံဃိကနှစ်ကျောင်းကို မတားမြစ်ရ-ဟု သိက္ခာပုဒ် ပညတ်တော်မူ၏။ (ဝါတွင်းကာလ၌ မိမိကသာ အစိုးတရနေထိုင်ပြီး နောက်မှ ရောက်လာသော အာဂန္တုများအား တားမြစ်နိုင်ခွင့် ရှိသည်-ကို ပဋိဗာဟေတဗ္ဗ-ဟူ၏။ (အာဝါသိက အဖြစ် နေထိုင်သည်ကို ဆိုလို၏)

ရှင်ဥပနန္ဒသည် ရောက်ရာနေရာမှာ ဘဏ္ဍနကာရက, ကလဟကာရက, ဝိဝါဒကာရက ဘဿကာရက-နာမည်ကြီးသဖြင့် ရွာငယ်မှ ရဟန်းတော်များက သူ့အား လန့်နေကြပြီး သူလာပြီး ဝါဆိုမှာကိုပင် ကြောက်လန့်နေကြခြင်း ဖြစ်၏။ ခေတ္တခဏ အာဂန္တုအနေဖြင့် လာမှာကို ကြောက်ခြင်း မဟုတ်။

န ဘိက္ခဝေ ဧကေန ဒွေ ပဋိဗာဟေတဗ္ဗာ-စသော သိက္ခာပုဒ်နှင့်စပ်၍ အဋ္ဌကထာဆရာ ဖွင့်ပြသော နောက် ဂဟဏ, အာလယ-တို့ကြောင့် ရှေး ဂဟဏ, အာလယ-ပျက်ပုံ( ရှေ့က ခံယူထားသော သံဃိကကျောင်းမှ လွတ်ကင်းပုံ)ကိုလည်း သိထားသင့်၏။

(က) ဂဟဏေန ဂဟဏံ ပဋိပဿမ္ဘတိ။
(ခ) ဂဟဏေန အာလယော ပဋိပဿမ္ဘတိ။
(ဂ) အာလယေန ဂဟဏံ ပဋိပဿမ္ဘတိ။
(ဃ) အာလယေန အာလယော ပဋိပဿမ္ဘတိ။
(င) အာလယာနုပဿနေန ဝဋ္ဋတိ။
(စ) သဗ္ဗတ္ထ ပစ္ဆိမေ ဂဟဏေ ဝါ အာလယေ ဝါ တိဋ္ဌတိ။

**(အနက်)-**

(က)-ဂဟဏေန-ဒုတိယမြောက် နောက်ကျောင်းကို ခံယူလိုက် ခြင်းဖြင့်။ ဂဟဏံ-ပထမရှေ့ကျောင်းကို ခံယူခြင်းသည်။ ပဋိပဿမ္ဘတိ-ငြိမ်း၏။ (ဝါ)-စွန့်လွှတ်ပြီး ဖြစ်တော့၏။ (ပါဠိတော်၌လာသော မုတ္တံ-သဒ္ဒါနှင့် အဋ္ဌကထာ၌လာသော ပဋိပဿမ္ဘတိ-သည် ပရိယာယ် ဖြစ်၏။)

(ခ) ဂဟဏေန-ဒုတိယမြောက် နောက်ကျောင်းကို ခံယူလိုက်ခြင်း ဖြင့်။ အာလယော-ပထမရှေ့ကျောင်း၌ ငဲ့ကွက်တွယ်တာခြင်း အာလယသည်။ ပဋိပဿမ္ဘတိ-ငြိမ်း၏။ (ဝါ)-စွန့်လွှတ်ပြီး ဖြစ်တော့၏။

(ဂ) အာလယေန-ဒုတိယမြောက် နောက်ကျောင်း၌ ငဲ့ကွက်တွယ်တာ ခြင်းဖြင့်။ ဂဟဏံ-ပထမရှေ့ကျောင်းကို ခံယူခြင်းသည်။ ပဋိပဿမ္ဘတိ-ငြိမ်း၏။ (ဝါ)-စွန့်လွှတ်ပြီး ဖြစ်တော့၏။

(ဃ) အာလယေန-ဒုတိယမြောက် နောက်ကျောင်း၌ တွယ်တာခြင်းဖြင့်။ အာလယော-ပထမရှေ့ကျောင်း၌ တွယ်တာခြင်းသည်။ ပဋိပဿမ္ဘတိ-ငြိမ်း၏။ (ဝါ)-စွန့်လွှတ်ပြီး ဖြစ်တော့၏။

(င) အာလယာနုပဿနေန-မူလကျောင်း၌ ငဲ့ကွက်တွယ်တာခြင်း အာလယ-မပြတ်သဖြင့်ကား။ ဝဋ္ဋတိ-မူလကျောင်း၌ အာဝါသိက-အဖြစ်ဖြင့် ပြန်လည်နေထိုင်ခြင်းငှါ အပ်၏။

(စ) သဗ္ဗတ္ထ - ဂဟဏေန ဂဟဏံ ပဋိပဿမ္ဘတိ-စသော လေးဌာန လုံးတို့၌။ ပစ္ဆိမေ-နောက်ဆုံးဖြစ်သော။ ဂဟဏေ ဝါ-ကျောင်းကို ခံယူခြင်း၌ လည်း

ကောင်း။ အာလယေ ဝါ-ကျောင်းကို ငဲ့ကွက်တွယ်တာခြင်း၌လည်းကောင်း။ တိဋ္ဌတိ-တရားဝင်အဖြစ်ဖြင့် တည်၏။

(အဓိပ္ပါယ်)- ရဟန်းတစ်ပါးတည်းက သံဃိကကျောင်း နှစ်ကျောင်း၌ အာဝါသိက မပြုလုပ်ရ။ အကယ်၍ ဒုတိယကျောင်း၌ ဂဟဏ,အာလယ-ဖြစ်ခဲ့သော် ပထမ ကျောင်း၌ ခံယူထားသော ဂဟဏနှင့်အာလယ-တို့ အလိုလို ငြိမ်းပြီး၊ စွန့်လွှတ်ပြီး ဖြစ်တော့၏။ ထိုရဟန်းအဖို့ ပထမကျောင်းနှင့် မသက်ဆိုင်တော့-ဟု ဆိုလို၏။

အကြောင်းကား တစ်ပါးတည်းက သံဃိကနှစ်ကျောင်း၌ အာဝါသိက မပြုလုပ်ကောင်းသောကြောင့်တည်း။ အဋ္ဌကထာပြဆိုထားသော အောက်ပါအကျယ် ကိုလည်း လေ့လာကြည့်ပါ။

(က) ဣဓေကစ္စော ဝဿူပနာယိကဒိဝသေ ကေသ္မိံ ဝိဟာရေ သေနာသနံ ဂဟေတွာ သာမန္တဝိဟာရံ ဂန္ဒွာ တတြာပိ ဂဏှာတိ၊ တဿ ဣမိနာ ဂဟဏေန ပုရိမံ ဂဟဏံ ပဋိပဿမ္ဘတိ။

(ခ) အပရော ဣဓ ဝသိဿာမီတိ အာလယမတ္တံ ကတွာ သာမန္တ ဝိဟာရံ ဂန္ဒွာ တတ္ထ သေနာသနံ ဂဏှာတိ၊ တဿ ဣမိနာ ဂဟဏေန ပုရိမော အာလယော ပဋိပဿမ္ဘတိ။

(ဂ) ဧကော ဣဓ ဝသိဿာမီတိ သေနာသနံ ဂဟေတွာ အာလယံ ဝါ ကတွာ သာမန္တဝိဟာရံ ဂန္ဒွာ ဣဓေဝ ဒါနိ ဝသိဿာမီတိ အာလယံ ကရောတိ၊ ဣစ္စဿ အာလယေန ဝါ ဂဟဏံ / အာလယေန ဝါ အာလယော ပဋိပဿမ္ဘတိ။

(ဃ) ယော ပန ကေသ္မိံ ဝိဟာရေ သေနာသနံ ဂဟေတွာ အညသ္မိံ ဝိဟာရေ ဝသိဿာမီတိ ဂစ္ဆတိ၊ တဿ ဥပစာရာတိက္ကမေ သေနာသနဂ္ဂါဟော ပဋိပဿမ္ဘတိ။

(င) ယဒိ ပန တတ္ထ ဖာသုဘာဝိဿတိ ဝသိဿာမိ နော စေ အာဂမိဿာမီတိ ဂန္ဒွာ အဖာသုဘာဝံ ဉတွာ ပစ္စာဂစ္ဆတိ ဝဋ္ဋတိ။ (စူဠဝဂ္ဂ အဋ္ဌကထာ နှာ-၇၅-၇၆)

ဤဥပနန္ဒဝတ္ထု၌ (ဃ) န ဘိက္ခဝေ ဧကေန ဒွေ ပဋိဗာဟေတဗ္ဗာ-ဟူသော ပါဠိတော်နှင့် (င) သဗ္ဗတ္ထ ပစ္ဆိမေ ဂဟဏေ ဝါ အာလယေ ဝါ တိဋ္ဌတိ-ဟူသော အဋ္ဌကထာနှစ်မျိုးလုံးပင် လက်တွေ့ကျင့်ရမည့် သိက္ခာပုဒ်များ ဖြစ်ကြ၏။ ထိုတွင်

(ဃ) န ဘိက္ခဝေ ဧကေန ဒွေ ပဋိဗာဟေတဗ္ဗာ-ဟူသော ပါဠိတော်ဖြင့် ရဟန်းတစ်ပါးတည်းက သံဃိက နှစ်ကျောင်း၌ အာဝါသိက ပြိုင်မလုပ်ရ-ဟု ပြ၏။

(င) ဝါကျ သဗ္ဗတ္ထ ပစ္ဆိမေ-စသော အဋ္ဌကထာပါဌ်ဖြင့် သံဃိကနှစ်ကျောင်း သုံးကျောင်းတို့၌ ပြိုင်၍ အာဝါသိကအဖြစ် လက်ခံထားပါက နောက်ဆုံးကျောင်း၌ လက်ခံထားခြင်းသာ တရားဝင် ဖြစ်၏-ဟု ပြ၏။

(ဥပမာ) ဦးတိဿသည် တောင်ကျောင်း၌ အာဝါသိကအဖြစ် ခံယူထားသော ပုဂ္ဂိုလ်ဖြစ်ရာ မြောက်ကျောင်းသို့ သူရောက်သွားသောအခါ သူ့အဖို့ အာဂန္တုသာ ဖြစ်သေး၏။ အကယ်၍ မြောက်ကျောင်း၌ အမြဲနေတော့အံ့-ဟူသော ဆုံးဖြတ်ချက် ချလိုက်လျှင်ကား ဦးတိဿအဖို့ တောင်ကျောင်း၌ ခံယူထားသော အာဝါသိက အလိုလိုပျက်ပြီး မြောက်ကျောင်း၏ အာဝါသိကသာ တရားဝင် ဖြစ်တော့၏။

မြောက်ကျောင်း၌ နေတော့အံ့-ဟူသော ဆုံးဖြတ်ချက်၌ မြောက်ကျောင်းကို ခံယူခြင်း ဂဟဏနှင့် မြောက်ကျောင်းကို ငဲ့ကွက်ခြင်း အာလယ-တို့ပါပြီးဖြစ်သော ကြောင့် ဤမြောက်ကျောင်း၌ နေတော့အံ့-ဟူသော ဆုံးဖြတ်ချက်သည်ပင် ဦးတိဿ အဖို့ ပစ္ဆိမေ ဂဟဏေ ဝါ အာလယေ ဝါ တိဋ္ဌတိ-ဖြစ်သဖြင့် မြောက်ကျောင်း၌ အာဝါသိက ဖြစ်သွားရ၏-ဟု မှတ်ပါ။

## ဂဟဏ, အာလယ-တို့၏ ဝေါဟာရ

သံဃိကကျောင်းထဲ ရောက်လာသော ရဟန်းတော်များသည် ရောက်လာစ-က အာဂန္တုသာ ဖြစ်ကြသော်လည်း ရောက်ပြီးနောက် ဂဟဏ, အာလယ-ဖြစ်ခဲ့သော် အာဝါသိက ဖြစ်သွားကြ၏-ဟု ဥပနန္ဒဝတ္ထုပါဠိတော်နှင့် အဋ္ဌကထာအဖွင့်ကို ထောက်၍ သိရပုံကို ပြဆိုခဲ့ပြီးဖြစ်၏။

ထိုဂဟဏ နှင့် အာလယ-တို့ကို ပေါင်းစပ်၍ ဤ၌ နေတော့အံ့-ဟူသော ဝေါဟာရဖြင့် သုံးနှုံးခဲ့ပါ၏။ ထိုကဲ့သို့သော အသုံးအနှုံးကို စာရေးသူ၏ အတ္တနောမတိ ဟုမထင်မှတ်ကြစေရန် ဝိနယဓရအစစ် ဖြစ်တော်မူသော သလုံးဆရာတော်ကြီး၏ အောက်ပါ အသုံးအနှုံးဖြင့် ပြဆိုပါအံ့။

- သမ္မုတိကို ရသော ရဟန်းသည် ထိုရဟန်းတို့အား ကျောင်းကို ခံယူ စိမ့်သောငှါ ပေးရာ၏။ ရဟန်းတို့သည်လည်း ဤကျောင်း၌ နေပါအံ့- ဟု ဝန်ခံ၍ ကျောင်းကို ခံယူရာသည်။
- သီတင်းကျွတ်လပြည့်ကျော် (၁)-ရက်နေ့မှစ၍ ဆောင်းဥတု, နွေဥတု ပတ်လုံး နောင်လာလတ္တံ့သော ဝါဆိုခြင်း အကျိုးငှါ ဤကျောင်း၌ နေအံ့- စောင့်ရှောက်ထိန်းသိမ်းအံ့-ဟု ဝန်ခံသောအားဖြင့် ကျောင်းကို ခံယူ ခြင်းသည် အန္တရာမုတ္တက ကျောင်းခံခြင်း မည်၏။

(သေနာသနပဋိဂ္ဂဟဝိနိစ္ဆယ-၃၈၅)

- ဝိနယာလင်္ကာရဋီကာ ဒု-တွဲ၊ နှာ-၈၂-၌လည်း

အာမ ဝသိဿာမီတိ ပဋိဝစနဒါပနေန ဥပလာပေန္တော-ဟု ဖွင့်ဆို၏။ ကျောင်းထဲ၌ ဗာလ, အဗျတ္တ-ချည်း ဖြစ်နေပါက အပြင်မှ ရောက်လာသော ဗဟုသုတရေ-ရဟန်းတော်အား “အေး. . ငါနေပါမည်”-ဟု စကားတုံ့ပေးသည့် တိုင်အောင် ဆွဲဆောင်ပြောဆိုကြရမည်-ဟူ၏။

“ငါနေပါမည်”-ဟူသော ဆုံးဖြတ်ချက်၌ ကျောင်းကိုလက်ခံခြင်း ဂဟဏ နှင့် ကျောင်းကို ငဲ့ကွက်ခြင်း အာလယ-တို့ ပါပြီးဖြစ်တော့သဖြင့် ထိုအခါမှစ၍ အာဝါသိက-ဖြစ်သွား၏-ဟု မှတ်ပါ။

- ဝိနယဓရထိပ်သီး မဟာပဒုမထေရ်ကြီး၏ မိန့်ခွန်းတော်ကိုလည်း ကြည့်ပါဦး-

မဟာပဒုမတ္ထေရော ပနာဟ အတီတာနာဂတဝစနံ ဝါ ဟောတု ဝတ္တမာန ဝစနံ ဝါ၊ သတုပ္ပါဒမတ္တအာလယကရဏမတ္တမေဝ စေတ္ထ ပမာဏံ။ တသ္မာ ဂဟိတမေဝ ဟောတီတိ။ (သေနာသနဂ္ဂါဟကထာ-၇၁)

(အနက်) မဟာပဒုမတ္ထေရော ပန- မဟာပဒုမထေရ်ကြီးသည်ကား။ အာဟ-ဆိုပြီ။ ကိံ အာဟ-နည်း။ အတီတာနာဂတဝစနံ ဝါ-အတိတ်အနာဂတ်သဒ္ဒါသည်မူလည်း။ ဟောတု-စေ။ ဝတ္တမာနဝစနံ ဝါ- ပစ္စုပ္ပန်သဒ္ဒါသည်မူလည်း။ ဟောတု-စေ။ ဧတ္ထ-ဤကျောင်းကို ခံယူရာ၌။ သတုပ္ပါဒမတ္တအာလယကရဏမတ္တမေဝ-သတိကိုဖြစ်စေခြင်း, အာလယကို ပြုခြင်းမျှသည်သာ။ ပမာဏံ-ပမာဏတည်း။ တသ္မာ ထို့ကြောင့်။ ဂဟိတမေဝ- ကျောင်းအယူမြောက်သည်သာ။ ဟောတိ-ဖြစ်၏။ ဣတိ-ဤသည်ကား အဆုံးအဖြတ်တည်း။

(အဓိပ္ပါယ်)

ကျောင်းကို ခံယူရာ၌ မဟာသုမ-ထေရ်အလို ဂဟိတံ မေ-ဟု အတိတ်ဖြင့်လည်းကောင်း။ ဂဏှိဿာမိ-ဟု အနာဂတ်ဖြင့်လည်းကောင်း ကျောင်းကို ခံယူပါက အယူ-မမြောက်။ ဂဏှာမိ-ဟု ပစ္စုပ္ပန်ကြိယာဖြင့် ခံယူမှ မြောက်၏-ဟု ဆိုတော်မူ၏။

မဟာပဒုမထေရ်ကြီးကား အတိတ် အနာဂတ် ပစ္စုပ္ပန်နှင့်ပတ်သက်သော စကားအသုံးအနှုန်းသည် ပဓာနမဟုတ်၊ ဂဟဏ, အာလယ-နှစ်မျိုး စိတ်ထဲမှာ ရှိဘို့သာ ပဓာန-ဟု ဆိုလိုတော်မူ၏။

ဤ၌ သတုပ္ပါဒ-ဟူသည် * သတုပ္ပါဒမတ္တန္တိ ဂဟဏေ သတိယာ ဥပ္ပါဒမတ္တံ-ဟူသော ယောဇနာနှင့်အညီ ငါသည် ဤကျောင်းကို ခံယူ၏-ဟု သတိကို ဖြစ်စေခြင်းတည်း။

အာလယကရဏ-ဟူသည် ဤကျောင်း၌ မိမိနေဘို့ရန် အလိုဆန္ဒကို ပြုခြင်းတည်း။

မတ္တ-သဒ္ဒါတို့ဖြင့် ဂဏှာမိ-စသည်ဖြင့် ပြောဆိုနေခြင်းကို ကန့်၏။ ဂဏှာမိ-စသည်ဖြင့် ပြောဆိုဘွယ်မလို-ဟူလို။ ဧဝ-ကား သန္နိဋ္ဌာနာဝဓာရဏတည်း။

(ဘာ-ဋီ- ၂၃၉)

ဤအဋ္ဌကထာစကားကို ထောက်၍ ဂဟဏ နှင့် အာလယ-တို့တွင် ဂဟဏ (ခံယူရာ)၌ ဂဏှာမိ-စသည်ဖြင့် နှုတ်ကပြောဆိုနေဘို့ မလို၊ ဤ၌နေတော့အံ့-ဟူသော အဓိပ္ပါယ်ကို သတိပြု၊ အာရုံပြုရုံသာ ဖြစ်၏-ဟု မှတ်။ အကယ်၍ နှုတ်ဖြင့်နေအံ့-ဟု ပြောဆိုခြင်း၊ ကိုယ်ဖြင့် စာချုပ်ပြုလုပ်ပါက ပို၍ပင် ခံယူခြင်း ထင်ရှား၏-ဟု မှတ်ပါ။

(မှတ်ချက်) မဟာပဒုမထေရ်ကြီး၏ စကား၌ သတုပ္ပါဒမတ္တ အာလယ ကရဏ မတ္တမေဝ စေတ္ထ ပမာဏံ-ကိုလည်းကောင်း၊ ယောဇနာဆရာတော် ပြဆိုအပ်သော သတုပ္ပါဒမတ္တန္တိ ဂဟဏေ သတိယာ ဥပ္ပါဒမတ္တံ-ကိုလည်းကောင်း အထူး သတိပြုသင့် ပါသည်။ သံဃိကကျောင်းကို ခံယူရာ၌ ဂဟဏ နှင့် အာလယ-တို့သည် အဓိက ဖြစ်သော်လည်း ဂဟဏ-မှာ ကိုယ်,နှုတ်,စိတ်နှင့် ဆိုင်၍ အာလယ-မှာကား စိတ်နှင့်သာ ဆိုင်၏။

စိတ်နှင့်သာဆိုင်သော အာလယအတွက် ပြောစရာမလိုသော်လည်း ဂဟဏ အတွက်ကား ကိုယ်ဖြင့် လက်မှတ်ထိုးယူရမှာလား၊ နှုတ်ဖြင့် ဂဏှာမိ-စသည်ဆို၍ ယူရမှာလား-ဟု တွေးစရာရှိ၍ သတုပ္ပါဒမတ္တန္တိ ဂဟဏေ သတိယာ ဥပ္ပါဒမတ္တံ-ဟု ယောဇနာ၌ ဖွင့်ဆိုတော်မူ၏။ လက်မှတ်ထိုးဘို့လဲ မလိုဘူး၊ ဂဏှာမိ-စသည်ဖြင့် နှုတ်နဲ့ဆိုဘို့လဲ မလိုဘူး။ <u>* ငါသည် ဤကျောင်းကို ခံယူ၏-ဟု သတိကို ဖြစ်စေရုံသာ လို၏</u>-ဟူလို။

*ငါသည် ဤကျောင်းကို ခံယူ၏-ဟုဆိုလျှင်လည်း ဤကျောင်း၌ ငါနေတော့အံ့-ဟု ဆုံးဖြတ်ချက်ကို ချပြီးသား ဖြစ်တော့၏။ အကြောင်းကား နေလို၍ ခံယူသောကြောင့်တည်း။ ဤသို့ဆိုလျှင် ဂဟဏ အာလယ-နှစ်မျိုးလုံးသည် <u>စိတ်နှင့် ဆိုင်ကြ၏</u>။ စိတ်နှင့်ဆိုင်သော <u>ဤ၌ နေတော့အံ့</u>-ဟူသော အသုံးအနှုန်းမျိုးကို ဝိနယာ လင်္ကာရဆရာကြီးကိုယ်တိုင် "အာမ ဝသိဿာမီတိ ပဋိဝစနဒါပနေန ဥပလာပေန္တော" ဟု နှုတ်ဖြင့် သုံးနှုန်းထားသည်ကိုလည်း သတိပြုသင့်၏။ နှုတ်ဖြင့်ဆိုက ပို၍ သေချာ၏-ဟု ယူဆရာ၏။

အချို့သော ဆရာတော်များကား စိတ်နှင့်ပတ်သက်သော အင်္ဂါမှာ မရေမရာ မသေချာ-ဟုဆိုကာ ဤ၌ နေတော့အံ့-ဟူသော ဒုတိယအင်္ဂါကို မဖြစ်နိုင်, မရှိနိုင်-ဟုပယ်ချတော်မူကြ၏။ * သစိတ္တက သိက္ခာပုဒ်မှန်က စိတ်နှင့်ပတ်သက်သော အင်္ဂါ ပါရမည်သာ မဟုတ်လော-ဟု ပြောလိုပါ၏။

ပါရာဇိကကဏ္ဍ ပါဠိ (၁၀၁)-၌ အဖေဖြစ်သူ ရဟန်းအိုကြီးအား သားဖြစ်သူ ရဟန်းငယ်က တွန်းပို့ရာ ရဟန်းအိုကြီး သေဆုံးသွား၏။ ထိုကိစ္စ၌ မြတ်စွာဘုရားရှင်က ကိံ စိတ္တော တွံ ဘိက္ခု-ဟု မေးတော်မူသောအခါ နာဟံ ဘဂဝါ မရဏာဓိပ္ပါယော-ဟု သေစေလိုစိတ် မရှိကြောင်းလျှောက်ထားရာ အနာပတ္တိ ဘိက္ခု န မရဏာဓိပ္ပါယဿ-ဟု ဆုံးဖြတ်တော်မူ၏။

ဤ၌ အာပတ်မသင့်ခြင်းမှာ သေစေလိုစိတ်မရှိသောကြောင့် ဖြစ်၏။ အန္တောသီမဋ္ဌအင်္ဂါ၌လည်း အမြဲနေလိုစိတ်ကြောင့် အမြဲနေ၏။ အမြဲနေသောကြောင့် အာဝါသိက-ဖြစ်၏။ ရံခါသာနေလိုသောစိတ်ကြောင့် ရံခါသာနေ၏။ ရံခါနေသောကြောင့် အာဂန္တုက-ဖြစ်၏။ သစိတ္တကသိက္ခာပုဒ်တည်း။

ဆိုခဲ့ပြီးသော စကားများအရ- န ဘိက္ခဝေ နိဿီမေ ဌိတဿ သေနာသနံ ဂါဟေတဗ္ဗံ၊ ယော ဂါဟေယျ အာပတ္တိ ဒုက္ကဋဿ-ဟူသော ပါဠိတော်၊ အန္တောဥပစာရသီမာယ ပန ဒူရေ ဌိတဿာပိ (ဂါဟေတုံ) လဗ္ဘတိယေဝ- ဟူသော အဋ္ဌကထာ-တို့ကိုထောက်၍ ဥပစာရသိမ်အတွင်း ရောက်ရှိနေခြင်း-ဟူသော အင်္ဂါကိုလည်းကောင်း။

န ဘိက္ခဝေ ဧကေန ဒွေ ပဋိဗာဟေတဗ္ဗာ၊ ယော ပဋိဗာဟေယျ အာပတ္တိဒုက္ကဋဿ-ဟူသောပါဠိတော်၊ သဗ္ဗတ္ထ ပစ္ဆိမေ ဂဟဏေ ဝါ အာလယေ ဝါ တိဋ္ဌတိ-ဟူသော အဋ္ဌကထာ-တို့ကိုထောက်၍ ဤ၌နေတော့အံ့-ဟူသော အင်္ဂါကိုလည်းကောင်း ယူရမည်ဖြစ်သောကြောင့် အန္တောသီမဋ္ဌ-အင်္ဂါကို

၁။ ဥပစာရသိမ်အတွင်း ရောက်ရှိနေခြင်း၊

၂။ ဤ၌ နေတော့အံ့-ဟု ဆုံးဖြတ်ခြင်း

ပေါင်း နှစ်ပါးဖြစ်၏-ဟု မှတ်ပါလေ။

အထူးပြောလိုသည်မှာ ဤ၌ နေတော့အံ့-ဟူသော ဆုံးဖြတ်ချက်သည် ဂဟာဏ နှင့် အာလယ-ပင် ဖြစ်၏။ ထိုဂဟာဏ နှင့် အာလယ-သည်လည်း သေနာသန ဂ္ဂါဟ ဥပနန္ဒဝတ္ထုဌ္ဌလာသည့် ပါဠိတော် အဋ္ဌကထာစကားပင် ဖြစ်၏။ သို့အတွက်

* ဤ၌နေတော့အံ့-ဟူသော ဆုံးဖြတ်ချက် (အနွောသိမဋ္ဌ) ဒုတိယအင်္ဂါ သည် စာရေးသူ၏ အတ္တနောမတိ မဟုတ်ဘဲ ပါဠိတော်ကြီး, အဋ္ဌကထာကြီးတို့၏ စကားသာ ဖြစ်ပါကြောင်း တင်ပြအပ်ပါသတည်း။

သုဓမ္မာစာရတ္ထေရေန
မိုးကောင်းဝိဟာရဝါသိနာ
ဟင်္သာတနာမကေဌာနေ
နိဋ္ဌယောယံ သုနိဋ္ဌိတော

J